မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၅)

ခိုင်မာသော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် ခိုင်မာသော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတားတည်ဆောက်ပြီးစီးမှု ကြည့်ရှု သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် တွံတေးတံတား တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ရောက်ရှိရာ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်(တံတား) ဦးခင်မောင်အေး၊ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က လှိုင်သာယာစက်မှုဇုန် အမှတ်(၅)လမ်းမကြီးမှ ဒလ–တွံတေးကားလမ်းသို့ ဆက်သွယ်ဖောက်လုပ်သည့် လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းများဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- တွံတေးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီးတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ အောက်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ သံမဏိကြိုးဆိုင်းတံတားဖြစ်သည်။
- တွံတေးတူးမြောင်းကို ဖြတ်သန်းတည်ဆောက်လျက်ရှိပြီး ချဉ်းကပ်တံတားအရှည် ပေ ၂၇၃၀ နှင့် ပင်မတံတားအရှည်ပေ ၇၄၀ ရှိသည်။ တံတား ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ၊ နှစ်လမ်းမောင်းနှင့် တစ်ဖက်လျှင်လူသွားလမ်းအကျယ် လေးပေစီရှိသည်။ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၄၅ ပေနှင့် ရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၇၀၀ ရှိသည်။

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြင့်မားခိုင်ကျည်လျက်ရှိ မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုခိုင်မာ

ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက်တွင် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်ကြီးများက စဉ်ဆက်မပြတ်ပြုစုပျိုးထောင်လာခဲ့ကြသည်။

နှစ်နိုင်ငံ ချမှတ်ကျင့်သုံးခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ နေထိုင်ဆက်ဆံလာခဲ့ကြသည်။

နိုင်ငံတကာအခြေအနေ၊ ပြည်တွင်းရေး အခြေအနေများ ပြောင်းလဲလာခဲ့သော်လည်း တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ တည်မြဲရှင်သန်လျက်ပင်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ ၁၄ရက်မှ ၁၈ရက် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ဖေဖော်ဝါရီလ ၁၅ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက-

"မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း"

ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုက-

"တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာတို့ကို တန်ဖိုးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားဂုဏ်သိက္ခာရှိမှုတို့အတွက် အမြဲ ထောက်ခံသွားမှာဖြစ်ကြောင်း"

ပြန်လည်ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အကောင်းဆုံးဖြစ်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှလုံးရည်ပြည့်စုံသည့် မြန်မာပြည်သူများသည်လည်း နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်စေရန် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲကာ ကြိုးပမ်းအကောင်အထည်ဖော်နေသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်ထာဝရ လက်ခံကျင့်သုံးလျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း မြန်မာနိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာစသည့်နယ်ပယ် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များ၊ ပြည်သူများနှင့် မြန်မာနိုင်ငံခေါင်းဆောင်များ၊ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုများမှာ မြင့်မားခိုင်ကျည်လျက်ရှိပြီး မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှာလည်း ပိုမိုခိုင်မာလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင် သိုင်းလုလင်"** (အပိုင်း-၂၀)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တင်ဒါရောင်းချမည့်လပ်ပုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက အလုံမြို့နယ်မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ် စက်ဌာန ကန်(၃) သစ်ဆိပ်နှင့်ပုဇွန် တောင်မြို့နယ် စက်ဆန်းသစ်ဆိပ် တို့သို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာတင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြ၍ ဝန်ကြီးကလိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ် ကျောင်းတိုက်ကြီးမှ ဂန္ထဝါစကပဏ္ဍိတသဒ္ဓမ္မဇောတိကဓဇောသနာပြု နယ်လှည့် ဓမ္မကထိကနိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲ မြို့နယ် သံဒိကျေးရွာ မလွန်ဆန်လှူ ဓမ္မသဘင်၊ ၂၃၊ ၂၄နှင့် ၂၅ရက်တို့၌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာ ရာမ ကျောင်းတိုက် (နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးကျောင်း) ဓမ္မသဘင်၊ ၂၆ရက်တွင် သာကေတမြို့နယ် ၅ ရပ်ကွက် သုမနဓမ္မဗိမာန် မလွန်ဆန်လှူဓမ္မသဘင်၊ ၂၇ရက်နှင့် ၂၈ရက် တို့၌ ရန်ကင်း မြို့နယ် ၆ ရပ်ကွက် သာသနာ့ဗိမာန် ဓမ္မာရုံ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်း မှတ်တိုင် အောင်မေတ္တာလမ်းသွယ် (၁)ရှိ မယ်တော်ကြီးဒေါ်ညို ဖုန်း- ၀၁-၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း ၀၁-၆၆၄၉၀၉သို့ ဆက်သွယ်ပင့်ဆောင်ကြရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး(လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၇:၁၅	အမှတ်(၄)အထပ်သားစက်ရုံ (ပုသိမ်)
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Myanmar Video Rhythm
၈:၁၅	သတိတစ်ချက်တစ်သက် အမှား(ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်)
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	ရှုချင်စရာမျက်လှည့်ပဒေသာ (အပိုင်း-၂)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ကချင်ပြည်နယ်မိုးကောင်းတံတား
၉:၀၅	မြန်မာ့ခြင်းလုံး
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအကြောင်း
၉:၄၀	ဗွီစီဒီမိတ်ဆက် (ဘဝမှတ်တိုင်များ-၁)
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ရန်ကုန်ထရန်စဖော်မာ
၁၀:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	ဆီစားသုံးခြင်းနှင့် ဝဖြိုးမှုအန္တရာယ်
၁၀:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	လက်ဆင့်ကမ်းဝေ ဂီတအမွေ (ဂီတာ)
၁၁:၃၀	စပ်မျိုးပြောင်း အမှတ်(၅)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	စားချင်စဖွယ် မုန့်လုပ်နည်း အသွယ်သွယ်(အုန်းသီးကျောက်ကျော)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂:၀၀	Chelsea- Barcelona	5-Sports(Live)
	Ajax- Inter Milan	5-Movies(Live)

ပေးအပ်လှူဒါန်း

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ဘိုးဒေါနကုန်းကျေးရွာ ဖြိုးဂုဏ်ရည် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အလှူငွေကျပ် လေးသောင်းနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုစာအုပ်မျိုးစုံကို စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး မှော်ဘီမြို့နယ် ဖြိုးဂုဏ်ရည်စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတတိုးတက်မြင့်မားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အထ ပွားများလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ဘိုးဒေါနကုန်းကျေးရွာ ဖြိုးဂုဏ်ရည်စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါကျေးရွာ အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူးက အလှူငွေကျပ် လေးသောင်းနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုစာအုပ်မျိုးစုံ ၁၁၂၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့် အဖွဲ့က ရေဒီယိုတစ်လုံးနှင့် စာအုပ် ၆၀၀ ကို လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် တစ်သောင်းနှင့်စာအုပ်မျိုးစုံကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး အဖွဲ့ဝင် ဒေါ်နန်းဖြူဖြူညွန့်ကလည်းကောင်း၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးက ငွေကျပ်နှစ်သောင်းကို လည်းကောင်း၊ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေက စာအုပ်မျိုးစုံ ၅၀ ကို လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၅၂၀၀၀ တန်ဖိုးရှိ ဗီရို၊ စားပွဲ၊ ခုံတန်းရှည်တို့ကို လည်းကောင်း၊ ချမ်းသာစာပေတိုက်မှ ဆရာ ဦးရဲမြင့်က သုတ၊ရသ စာအုပ် ၂၆ အုပ်ကို လည်းကောင်း၊ ရပ်မိရပ်ဖ ဦးစိုးငြိမ်းက အလှူငွေကျပ် ၁၅၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူးက ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အတွက် အလှူငွေကျပ်နှစ်သောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေခိုင်အေးက လက်ခံပြီး ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ဖြိုးဂုဏ်ရည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (ဗဟန်း ၃လမ်းထိပ်) စွမ်းအင်ခမ်းမှာ၌ကျင်းပရာ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများပေးအပ်စဉ်။

(မြန်မာ့အလင်း)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင် ဓာတ်ပုံများ စိစစ်ရွေးချယ် ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများ အကဲဖြတ် စိစစ်ရွေးချယ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဦးဆောင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက ပြိုင်ပွဲဝင်ဓာတ်ပုံများကို စိစစ်ရွေးချယ်ကြသည်။

စိစစ်ရွေးချယ်

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် **"ခေတ်မီဘက်စုံ တည်ဆောက်ရေး"** ပြိုင်ပွဲဝင်ဓာတ်ပုံ ၉၃ ပုံ **"ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု"** ပြိုင်ပွဲဝင် ဓာတ်ပုံ ၁၁၄ ပုံ ဝင်ရောက် ယှဉ်ပြိုင်ကြရာ စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များက အဆင့်ဆင့် အကဲဖြတ် စိစစ်ရွေးချယ်ကြသည်။

"ခေတ်မီဘက်စုံတည်ဆောက်ရေး" ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ဆုရပြီးသူများ အတန်း၌ ပထမ ညောင်ဦးဖိုးချို၊ ဒုတိယ ရွှေအင်းသား ခင်မောင်ဝင်းနှင့် အထူးဆုများတွင် အေးကေမိုး (သတ္တဗေဒ)၊ ကိုစိန်ငွေး၊ရွှေအင်းသား ခင်မောင်ဝင်းနှင့် ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်) တို့က ရရှိကြသည်။ ဆုမရသေးသူများအတန်း၌ ပထမ ထင်အောင် (အင်းစိန်)၊ ဒုတိယကိုဦး၊ တတိယ တက္ကသိုလ်ဟန်မင်းဦး(Best Photo) နှင့် အထူးဆုများတွင် ပြည်စိုးထွန်း (ပန်းချီကော့သောင်း)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှု တက္ကသိုလ်)၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ဇော်ဇော်ထွန်း၊ ကိုဦးနှင့် လှိုင်မိုး (ရွှေအင်းသား)တို့က ရရှိကြသည်။

"ရှုချင့်စဖွယ် အမျိုးသား ယဉ်ကျေးမှု" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရပြီးသူများအတန်း၌ပထမ ရွှေအင်းသား ခင်မောင်ဝင်း၊ ဒုတိယကျော်သာ (ဟိုက်ချင်း)၊ တတိယဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)တို့က ရရှိကြပြီး အထူးဆုများတွင်ဦးလှမောင်၊ကျော်သာ (ဟိုက်ချင်း)၊ အေးကေမိုး (သတ္တဗေဒ) တို့ကရရှိကြသည်။ ဆုမရသေးသူများ အတန်း၌ ပထမ တက္ကသိုလ်ဟန်မင်းဦး၊ ဒုတိယကိုစိန်ငွေး၊ တတိယပြည်စိုးထွန်း (ပန်းချီကော့သောင်း) တို့ကရရှိကြပြီး အထူးဆုများတွင် ကိုမင်းမော်၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ကိုဦး၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ကိုစိန်ငွေး၊ ကိုစိန်ငွေးနှင့် ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်) တို့က အသီးသီးရရှိကြသည်။

ဆုရရှိကြသူများအား ၂၀၀၆ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရုတ်–မြန်မာ ချစ်ကြည်စွာ

* မြန်မာ–တရုတ်၊ တရုတ်–မြန်မာ
နှစ်လွှာတစ်ခက်၊ စွယ်တော်ရွှယ်နှယ်
ခေတ်ဆက်ဆက်ပြောင်း၊ အချစ်မဟောင်းသည်
နှစ်ပေါင်းကြာရှည် ခဲ့လေပြီ။

* တပိန် ရွှေလီ၊ သံလွင်မည်သည့်
ရေကြည်လှဲ့ဝင်း၊ မြစ်သုံးစင်းသည်
ချစ်ခြင်းသရုပ်၊ အဖြေထုတ်၏
တရုတ်ပြည်မှ၊ မြစ်ဖျားစ၍
မြန်မာ့မြေမှာ၊ စီးဆင်းလာသော်
မြစ်ညာမြစ်ကြေ၊ နေရာကွဲပြား
ရေမခြားဘဲ၊ တစ်သားတည်းနေ
တစ်ရေတည်းသောက်၊ မခန်းခြောက်သည့်
ပေါက်ဖော်ဆွေမျိုး၊ မေတ္တာနှိုးလျက်
ချစ်ကြိုးခိုင်ခိုင် ချည်ခဲ့ပြီ။

* အေဒီရှစ်ရာ၊ ဝန်းကျင်မှာလျှင်
မြန်မာပြည်ဖွား၊ ပျူမင်းသားနှင့်
နောက်ပါးစုံညီ၊ တရုတ်ပြည်သို့
ချစ်ကြည်ရေးအတွက်၊ ခရီးဆက်ခဲ့
နည်းကပ်ပျော့ပျောင်း၊ အကကောင်းသော
ငြိမ့်ညောင်းချိုမြ၊ တေးဆိုလှသော
ဂီတသဘင်၊ ပညာရှင်တို့
ယဉ်ကျေးမှုချင်း၊ တုံ့လှယ်နှင်းကာ
မိတ်ရင်းဆွေဟောင်း၊ ခိုင်မာကြောင်းလျှင်
နှစ်ပေါင်းထောင်ကျော် ခဲ့လေပြီ။

* အနော်ရထာ၊ နန်းတော်ရာကို
မကြာသေးမီ၊ တူးဖော်သည့်တွင်
ချစ်ကြည်ရေးသရုပ်၊ သက်သေထုတ်သော
တရုတ်အက္ခရာ၊ ကမ္ပည်းစာနှင့်
တွေ့ပါလေခဲ့၊ အိုးခြမ်းပဲ့များ
တကယ့်ဖြစ်စဉ်၊ သုံးသပ်လျှင်သော်
ချစ်ခင်ဆက်ဆံ၊ ကူးသန်းဟန်ကို
ပုံဂံခေတ်က၊ သက်သေပြ၏။
တူမျှသဘော၊ တုံ့လှယ်ပြောသည်
ချစ်သောနှစ်တွေ ရှည်ခဲ့ပြီ။

* ခေတ်သစ်ကမ္ဘာ၊ ယနေ့ခါလည်း
မေတ္တာချင်းဆိုင်၊ ချစ်ခြင်းပြိုင်သို့
နှစ်နိုင်ငံဖွား၊ ခေါင်းဆောင်များလျှင်
သွားလာဆက်ဆံ၊ စိတ်ရင်းမှန်၏
သူ့ထံကိုယ့်ထံ၊ ပြန်အလှန်ပင်
သံတမန်ခင်း၊ စေလွှတ်ခြင်းပြင်
ရင်းနှီးတူမျှ၊ မူဝါဒဖြင့်
မျှဝေစီးပွား၊ အကျိုးများအောင်
သူ့အားကူညီ၊ ကိုယ့်ကူညီနှင့်
ရည်ရွယ်ချက်ကောင်း၊ မေတ္တာလောင်းကာ
ပေါင်းဖော်မိတ်ဖက်၊ ချစ်ကြိုးဆက်ကာ
ရှေးထက်ခိုင်ကျည်ခဲ့လေပြီ။

* သြော် ... မြန်မာ–တရုတ်၊ တရုတ်–မြန်မာ
နှစ်လွှာတစ်ခက်၊ စွယ်တော်ရွှယ်နှယ်
ခေတ်ဆက်ဆက်ပြောင်း၊ အချစ်မဟောင်းသည်
နှစ်ပေါင်းကြာရှည် ခဲ့လေပြီ။ ။

မြင်းမူမောင်နိုင်မိုး

နဝမအကြိမ် unicef

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်

၂၇-၂-၂၀၀၆ မှ ၅-၃-၂၀၀၆

တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့

ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက

တရုတ်နိုင်ငံ၏ အနာဂတ်စွမ်းအင်လိုအပ်ချက်ကိုဖြည့်တင်းနိုင်ရန် ကျောက်မီးသွေးနှင့် ရေအားလျှပ်စစ်တို့မှ စွမ်းအင်ထုတ်ယူမည်

ပေကျင်း ဖေဖော်ဝါရီ ၂၁

တရုတ်နိုင်ငံသည် အီရန်မှ ဆူဒန်၊ အင်ဂိုလာနိုင်ငံများအထိ ကမ္ဘာတစ်ဝန်းတွင် ရေနံစာချုပ်များချုပ်ဆိုလျက်ရှိသည်။ တရုတ်နိုင်ငံ၌ ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံခန့် နေထိုင်လျက်ရှိရာ ကမ္ဘာ့နေ့စဉ် ရေနံထုတ်လုပ်မှု၏ ၄ ရာခိုင်နှုန်းကို သုံးစွဲလျက်ရှိသည်။

တရုတ်နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း သုံးသန်းခန့်တင်သွင်းလျက်ရှိရာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ရေနံဒုတိယ အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်လာသည်။

တရုတ်နိုင်ငံမှ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို တွေ့ရစဉ်။

အထိုက်အလျောက်

စွမ်းအင်လိုအပ်ချက် ကြီးမားလာသဖြင့် ပေကျင်းကဲ့သို့ မြို့တော်ကြီးပင်လမ်းတိုင်းလမ်းတိုင်း၌ စက်ဘီးစီးသူများ ပိုမိုများပြားလာသည်။ စက်ဘီးအသုံး ပြုခွင့်ရသဖြင့် စွမ်းအင်လိုအပ်ချက်ကို အထိုက်အလျောက် ကာမိစေသည်။

ယနေ့ခေတ်တွင် မြို့တော်ပေကျင်း၌ ပုဂ္ဂလိက ကားစီးရေ သုံးသန်းခန့် မိုးလင်းမှ မိုးချုပ် နောက်မီးချင်းဆက်လျက် မောင်းနှင်သွားလာနေကြသည်။၂၀၂၀ အရောက်တွင် တရုတ်နိုင်ငံ၌ ပုဂ္ဂလိကကားစီးရေ သန်း ၁၄၀ရှိလာမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုထက် ပိုလာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ရေနံထုတ်ယူသုံးစွဲမှုသည် မြေသယံဇာတမှ ထုတ်လုပ်မှု လျော့ကျလာပြီး ရေပိုင်နက်မှ ထုတ်ယူသုံးစွဲမှုများလာသည်။ မကြာမီ ကျောက်မီးသွေးသည် တရုတ်နိုင်ငံ၏ အနာဂတ်လောင်စာဖြစ်လာမည် ဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေး အများဆုံး ထုတ်လုပ်ပြီး အများဆုံးသုံးစွဲသည့် နိုင်ငံလည်း ဖြစ်သည်။ ယင်းကဲ့သို့ ကျောက်မီးသွေးများ များများစားစား ထုတ်လုပ်လာနိုင်မှုကြောင့် အပြောင်းအလဲတစ်ခုကို ဖြစ်စေ ခဲ့သည်။

လည်ပတ်နိုင်မည်

တရုတ်နိုင်ငံသည် မကြာမီက ကျောက်မီးသွေးမှ ဓာတ်ငွေ့အဖြစ် ထုတ်လုပ်နိုင်သည့် စီမံကိန်းစက်ရုံသစ်ကြီးများ တည်ဆောက်လျက်ရှိသည်။ ယင်းစီမံကိန်းများကြောင့် တရုတ်နိုင်ငံ၏ သန်းပေါင်းများစွာသော ကားများကို လောင်စာဆီပေးနိုင်တော့မည် ဖြစ်သည့်အပြင် ၎င်း၏ ဓာတ်အားပေးစက်ရုံများပါ လည်ပတ်နိုင်တော့မည် ဖြစ်သည်။

သို့ရာတွင် အဆိုပါ ကျောက်မီးသွေးစွမ်းအင်ဖြင့် လုံလောက်မည် မဟုတ်ပေ။ အခြားသော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝစွမ်းအင်တို့မှ ၁၅ရာခိုင်နှုန်း ထုတ်ယူသုံးစွဲရန် တရုတ်နိုင်ငံက လိုလားလျက်ရှိသည်။ အဆိုပါ စွမ်းအင်များထဲမှ အများဆုံးထုတ်ယူသုံးစွဲသည့် စွမ်းအင်မှာ ရေအားလျှပ်စစ်ဖြစ်သည်။

ကြိုးပမ်း

တရုတ်နိုင်ငံ၌ အာရှတွင် အရှည်ဆုံး မြစ်ကြီးငါးသွယ်စီးဆင်းလျက်ရှိသည်။ ၎င်းတို့မှာ မြစ်ဝါမြစ်၊ ယန်စီမြစ်၊ မဲခေါင်မြစ်၊ ဆယ်လ်ဝိန်မြစ်နှင့် မဟာဘရာမာပုထရာမြစ်တို့ ဖြစ်သည်။ တရုတ်နိုင်ငံက ယင်းမြစ်များတွင် ဆည်များတည်ဆောက်လျက် ရေအားလျှပ်စစ် ထုတ်ယူသွားရန် ကြိုးပမ်းလျက်ရှိသည်။

ယန်စီမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော လျှိုမြောင်သုံးသွယ်ဆည်သည် တရုတ်နိုင်ငံက တည်ဆောက်နေသော ဆည်များတွင် အကြီးဆုံးဖြစ်မည်ဖြစ်ပြီး သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဆည်ကြီးသည် ကမ္ဘာတွင် အကြီးဆုံးဖြစ်လာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၂၅ ဂီဂါဝပ်ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံခြား သတင်းများ

ကမ္ဘာတစ်ဝန်းမှ မီးသတ်သမား ၃၃၀၀ကျော် အားကစားပွဲဆင်နွှဲရန် ဟောင်ကောင်သို့ရောက်ရှိ

ဟောင်ကောင် ဖေဖော်ဝါရီ ၂၁

ကမ္ဘာတစ်ဝန်းမှ မီးသတ်သမား ၃၃၀၀ကျော်သည် ဖေဖော်ဝါရီ ၁၈ရက်က ဟောင်ကောင်သို့ရောက်ရှိခဲ့ကြရာ ယခုအကြိမ်သည် အရေးပေါ်ကိစ္စရပ်အတွက် မဟုတ်ဘဲ ကိုးကြိမ်မြောက် ကမ္ဘာ့မီးသတ်သမားများ အားကစားပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲကြရန် ဖြစ်သည်။

ခုနစ်ရက်ကြာ ကျင်းပမည့် ယင်းပြိုင်ပွဲတွင် နိုင်ငံသို့မဟုတ် ဒေသ၃၅ခုမှ မီးသတ်သမားများသည် ၎င်းတို့၏ အရေးပေါ်လုပ်ငန်းကဏ္ဍတွင် သတ်မှတ်ထားသည့် ယှဉ်ပြိုင်မှု ၅၉ခုအတွက် ၎င်းတို့၏ စွမ်းရည်နှင့် ကျန်းမာကြံ့ခိုင်ဖျတ်လတ်သော ကျွမ်းကျင်မှုစွမ်းရည်များကို သရုပ်ပြကြမည်ဖြစ်သည်။

ပထမဦးဆုံး

ဟောင်ကောင်သည် ၁၉၉၀ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကတည်းက အာရှတွင် ပထမဦးဆုံး အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း တာမာဆိုက်တွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ဖွင့်ပွဲအခမ်းအနား၌ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသမှ အမှုဆောင် ဒွန်နယ်လ်တီဆန်ယန်ကူယန်က ပြောကြားသည်။

ယခုအားကစားပြိုင်ပွဲသည် မီးသတ်သမားအားလုံး၏ ရဲရင့်မှုနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို ဂုဏ်ပြုခွင့်ရရှိခြင်းပင် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အောင်မြင်ခဲ့

ဟောင်ကောင်မီးသတ်ဌာန၏ မီးသတ်လုပ်ငန်းမှာ ဂုဏ်ယူစရာသမိုင်းကြောင်းရှိကာ အောင်မြင်ခဲ့ပြီး ကမ္ဘာပေါ်ရှိ လုံခြုံစိတ်ချရဆုံးမြို့များအနက် တစ်မြို့အဖြစ် မီးသတ်လုပ်ငန်းက အောင်မြင်စွာ အကူအညီပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တုံ့ပြန်ကာကွယ်

မီးသတ်ဌာနသည် လွန်ခဲ့သည့် ငါးနှစ်တာအတွင်း အဆောက်အအုံများပြားသည့်ဒေသများတွင် အဆောက်အအုံမီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို တုံ့ပြန် ကာကွယ်ပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ရှားပါးရွှေရောင်မျောက်မျိုးစိတ်

ကွီရန်း ဖေဖော်ဝါရီ ၂၁

တရုတ်နိုင်ငံ၏ရွှေရောင်မျောက်များသည်ပန်ဒါဝက်ဝံများထက်အန္တရာယ်ဖြင့်ကြုံတွေ့နေရကြောင်း၊ ယင်းတို့ကို တရုတ်နိုင်ငံ ကွီကျိုးပြည်နယ် အနောက်တောင်ပိုင်း၌ တွေ့ရကြောင်း၊ လွန်ခဲ့သော အနှစ်(၂၀)ကျော်က ကောင်ရေ ၈၀၀ခန့်သာကျန်တော့ကြောင်း ဒေသဆိုင်ရာ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အရှားပါးဆုံးမျောက်မျိုးစိတ်

အဆိုပါမျောက်မျိုးစိတ်များသည် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၊ ယူနန်၊ ဂန်ဆုနှင့် ဟူဘိုင်းပြည်နယ်များ၌ ရွှေရောင်မျောက်သုံးမျိုးတွင် အရှားပါးဆုံးမျောက်မျိုးဖြစ်သည်။ **(ဓာတ်ပုံ)**

နှာခေါင်း မီးခိုးရောင်သန်းသော အဆိုပါမျောက်မျိုးကို ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက သိပ္ပံပညာရှင်များ ရှာမတွေ့တော့ကြောင်း၊ ၎င်းမျိုးစိတ်မှာ ခန့်မှန်းခြေအားဖြင့် ကောင်ရေ ၂၀၀ခန့်သာ ကျန်ရှိတော့ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆီးရီးယား အတိုက်အခံတို့ကို ကူညီရန် ကန်၏ဆုံးဖြတ်ချက် ဆီးရီးယား၏ ပြည်တွင်းရေးစွက်ဖက်မှုအဖြစ် ပြစ်တင်ရှုတ်ချခံရ

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၁

ဆီးရီးယားအတိုက်အခံများကို ငွေကြေးထောက်ပံ့ခြင်းဖြင့်ကူညီရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်မြူအယ်လင်က တနင်္ဂနွေနေ့တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

ယင်းမှာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို အမေရိကန်က ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး မိမိတို့က လုံးဝလက်မခံကြောင်း သတင်းထောက်များအား ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်က ပြောကြားလိုက်သည်။

ကြေညာ

ဆီးရီးယားနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးသမားများ၏ လုပ်ငန်းအရှိန်မြှင့်တင်ပေးရေးအတွက် ဆီးရီးယားအတိုက်အခံများကို ဒေါ်လာ ၅သန်း ထောက်ပံ့သုံးစွဲမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက သောကြာနေ့၌ ကြေညာသည်။

ဆီးရီးယားက အကြမ်းဖက်မှုကို အားပေးကူညီနေသည်ဟု စွပ်စွဲကာ အမေရိကန်အစိုးရက ဆီးရီးယားအား စီးပွားရေးပိတ်ပင်အရေးယူသည်။ ထို့ပြင် လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဟာရီရီလုပ်ကြံခံရမှုကို ကုလသမဂ္ဂ စစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ရန် ဆီးရီးယားအစိုးရအား ဖိအားပေးရေးကိုလည်း အမေရိကန်အစိုးရက ကြိုးပမ်းနေသည်။

ပတ်သက်ခြင်းမရှိ

ဟာရီရီလုပ်ကြံမှုတွင် မည်သို့မျှ ပတ်သက်ခြင်းမရှိဟု ဆီးရီးယားက ငြင်းဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ကျွမ်းဘား ပြကွက်

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ချောင်ယန်းပြဇာတ်ရုံတွင် ကျွမ်းဘားအဖွဲ့တစ်ဖွဲ့က ပန်းကန်ပြားများအား တုတ်ဖြင့်ဇော့ယမ်း ပြသနေမှု ပြကွက်ကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အဲဘက်စ်လေယာဉ် ၄၃စင်း အိန္ဒိယနိုင်ငံမှ ဝယ်ယူမည်

နယူးဒေလီ ဖေဖော်ဝါရီ ၂၁

အဲဘက်စ်ကုမ္ပဏီက အိန္ဒိယနိုင်ငံပိုင် လေကြောင်း ကုမ္ပဏီသို့ ဒေါ်လာ ၂ဒသမ ၅ဘီလီယံဖိုးရှိ ခရီးသည်လေယာဉ် ၄၃စင်းရောင်းချမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပိုင်ဆိုင်

အဲဘက်စ်၏ ယခုစာချုပ်ကို ဥရောပကာကွယ်ရေးအုပ်စု အီးအေဒီအက်စ်က ၈၀ရာခိုင်နှုန်းပိုင်ဆိုင်ပြီး ဗြိတိန် လေကြောင်းကုမ္ပဏီ ဘီအေအီးက ၂၀ရာခိုင်နှုန်း ပိုင်ဆိုင်သည်။

ဝယ်ယူ

စာချုပ်အရ အိန္ဒိယနိုင်ငံက ၁၅ နှစ်တာကာလအတွင်း လေယာဉ်သစ်များ ပထမဆုံး ဝယ်ယူခြင်းဖြစ်သည်။

အိန္ဒိယနှင့် အဲဘက်စ်တို့အကြား အဆိုပါစာချုပ်ကို ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့က နယူးဒေလီ၌ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယက အဲဘက်စ်အေ-၃၂၀ နှင့် အေ-၃၁၉ လေယာဉ်များကိုလည်း ဝယ်ယူမည်ဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယက ဝယ်ယူမည့် အဲဘက်စ် အေ-၃၂၀ လေယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန် တောင်ပေါ်ကျေးရွာမှ မိခင်တစ်ဦး ရင်ချင်းဆက် အမြွှာသမီးငယ်နှစ်ဦး မွေးဖွား

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၁

ပါကစ္စတန်နိုင်ငံတွင် ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေတစ်ခုဖြစ်သော ကက်ရှ်မီးယားဒေသမှ တောင်ပေါ်ကျေးရွာတစ်ရွာတွင်နေထိုင်သည့် မိခင်တစ်ဦး မီးဖွားမှုခက်ခဲသဖြင့် အနီးဆုံးဆေးရုံတစ်ခုသို့ အပြေးအလွှား သယ်ဆောင်ကာ မွေးဖွားပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ မိခင်အမျိုးသမီးမှာ အသက်(၂၄)နှစ်အရွယ်သာရှိသေးပြီး မီးဖွားရန် အခက်အခဲရှိနေရာမှ ဆေးရုံရောက်ရောက်ချင်း ဆရာဝန်များက အရေးပေါ် ခွဲစိတ်ကုသပေးခဲ့ရာ ရင်ချင်းဆက်အမြွှာသမီးငယ်နှစ်ဦးကို မွေးဖွားပေးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

အမြွှာသမီးငယ်နှစ်ဦးကို လောလောဆယ်အချိန်တွင် အထူးကြပ်မတ်ခန်း၌ထားရှိကာ စောင့်ရှောက်ထားလျက်ရှိပြီး မိခင်ဖြစ်သူမှာလည်း စိုးရိမ်ရသည့် အခြေအနေရှိနေသဖြင့် ဆရာဝန်များက ဂရုစိုက်ကုသ ပေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဒေါ်လာတစ်သိန်းကျော်တန်စိန်လည်ဆွဲ ဗန်ကောက်ရွှေပင်းစင်တာမှ ခိုးယူခံရ

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့လယ်ရှိ ကုန်ပဒေသာဆိုင်ကြီး တစ်ဆိုင်တွင် ဖေဖော်ဝါရီ ၁၈ရက် စနေနေ့က အမေရိကန်ဒေါ်လာ ၁၂၅၀၀၀ တန်ဖိုးရှိသော စိန်လည်ဆွဲတစ်ခုကို ခိုးယူခံခဲ့ရကြောင်း သိရသည်။

ဗန်ကောက်မြို့လယ်ရှိ ဆိုင်ယမ်ပါရာဂွန် ရွှေပင်းစင်တာ၌ ယခုကဲ့သို့ ဒေါ်လာတစ်သိန်းကျော်တန်စိန်လည်ဆွဲ အခိုးခံရခြင်းမှာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည့် အဆိုပါ ရွှေပင်းစင်တာ၏ ပထမဆုံး အကြိမ် ခိုးယူခဲ့ရသည့် ဖြစ်ရပ်ပင်ဖြစ်သည်။ ခိုးယူခံခဲ့ရသည့်ဆိုင်မှာ မြစ်ပြာစိန်အရောင်းဆိုင်မှဖြစ်ပြီး နိုင်ငံခြားသား ခရီးသွားအုပ်စုတစ်စုဆိုင်သို့လာရောက်ခဲ့ပြီးနောက် ၅၁ကာရက်ရှိသော စိန်လည်ဆွဲ ယင်းကဲ့သို့ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

အကြောင်းကြား

ဆိုင်ပိုင်ရှင် နာရန်သစ်မာဝါရာနုဟတ်ပ်က ပစ္စည်းပျောက်ဆုံးကြောင်း ပက်သွမ်ဝမ် ရဲစခန်းသို့ ချက်ချင်း အကြောင်းကြားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆူဒန်နိုင်ငံအတွက် စားနပ်ရိက္ခာတန်ရှစ်သိန်း အထောက်အပံ့လိုအပ်

ရှမ်း ဖေဖော်ဝါရီ ၂၁

၂၀၀၆ ခုနှစ်တွင် ဆူဒန်နိုင်ငံအတွက် စားနပ်ရိက္ခာ တန်ရှစ်သိန်း အထောက်အပံ့ လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂ၏ စားနပ်ရိက္ခာအေဂျင်စီ နှစ်ခုမှထုတ်ပြန်သော ဖေဖော်ဝါရီ ၁၇ရက် အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဆူဒန်နိုင်ငံ၏ လူဦးရေ ၆ဒသမ ၇သန်းသည် အစာအာဟာရ ချို့တဲ့လျက်ရှိပြီး စားနပ်ရိက္ခာအထောက်အပံ့များကို အဓိကအားဖြင့် အိမ်မဲ့ယာမဲ့လူ နှစ်သန်းကျော်နှင့် ဒါဖာမြို့ရှိ လူ ၃ဒသမ ၅သန်းနီးပါးနှင့် နိုင်ငံ၏ တောင်ပိုင်းအလယ်ပိုင်းအရှေ့ပိုင်းရှိ လူများကို ခွဲဝေပေးမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

သန်းပေါင်းများစွာသော ပြည်သူများသည် အခြေခံအဆောက်အအုံများချို့တဲ့မှုကြောင့် ယခုတိုင် အစားအစာများ ရှားပါးလျက်ရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယ်ချဲ့စနစ်နှင့် ကျူးကျော်ရန်စမှုတို့ကို ကျူးဘားနှင့်အီရန် လက်တွဲတိုက်ပွဲဝင်မည်ဟုဆို

ဟာဗားနား ဖေဖော်ဝါရီ ၂၁

ကျူးဘားနိုင်ငံအား အမေရိကန် ပိတ်ဆို့မှု အဆုံးသတ်ရေးနှင့်တကွ လူအစုလိုက် အပြုံလိုက်သေစေနိုင်သည့် နျူကလီးယားလက်နက်အားလုံး ဖျက်ဆီးပစ်ရေးတောင်းဆိုသည့် သဘောတူညီချက်များကို ကျူးဘားနှင့် အီရန်တို့ လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဖေဖော်ဝါရီ ၁၉ရက်ထုတ် ကျူးဘားသတင်းစာ၌ ဖော်ပြထားသည်။

ကျူးဘားနိုင်ငံသို့ အီရန်ပါလီမန်ဥက္ကဋ္ဌ ဂိုလမ်အလီဟက်ဒက်အဗ္ဗဒဲလာရောက်စဉ် အဆိုပါ သဘောတူညီချက်များကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ကြောင်း ကျူးဘားသတင်းစာများက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြကြသည်။

ထွက်ခွာသွား

အီရန်ပါလီမန်ဥက္ကဋ္ဌ ဟက်ဒက်အဗ္ဗဒဲသည် ကျူးဘားသမ္မတ ဖီဒယ်ကတ်စထရို၊ နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်၊ ဒုတိယသမ္မတကာလို့စ်နှင့် ကျူးဘားပါလီမန်ဥက္ကဋ္ဌ ရီကာဒိုအလာကွန်တို့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တနင်္ဂနွေနေ့က ကျူးဘားမှ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံများဖြစ်

ကျူးဘားပါလီမန် ဥက္ကဋ္ဌ အလာကွန်က အီရန်ကိုယ်စားလှယ်အဖွဲ့အားကြိုဆို နှုတ်ဆက် အခမ်းအနား တည်ခင်းရာတွင် မစ္စတာ ဟက်ဒက်အဗ္ဗဒဲ၏ ကျူးဘားခရီးစဉ်က နှစ်နိုင်ငံ နိုင်ငံရေးနှင့် ကူးသန်းရောင်းဝယ်ရေးကို များစွာ အထောက်အကူပြုကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် နယ်ချဲ့စနစ်နှင့် ကျူးကျော်မှုကို လက်တွဲဆန့်ကျင်တိုက် ပွဲဝင်နေရသည့် နိုင်ငံများဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာသုံးသန်းခွဲတန် ပန်းချီကား



ဒေါ်လာ သုံးသန်းခွဲ တန်ဖိုးရှိသော ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ပန်းချီကားကို ဗြိတိသျှ ပန်းချီပညာရှင် ဂျေအမ်ဒဗလျူတူနာက လွန်ခဲ့သည့် ၁၈၄၁-၁၈၄၄ ခုနှစ်အတွင်း ရေးဆွဲခဲ့သော ပန်းချီကားဖြစ်ပြီး ရောင်းချပါက အမေရိကန် ဒေါ်လာ ၃ဒသမ ၅သန်းခန့်ရရှိမည် ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊အေပီ**

အိမ်မွေးတိရစ္ဆာန်များ စားသောက်ဆိုင်

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ပထမဦးဆုံး ဖွင့်လှစ်လိုက်သော အိမ်မွေးတိရစ္ဆာန်များ စားသောက်ဆိုင်၌ ခွေးတစ်ကောင် စားသောက်နေသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

ယင်း စားသောက်ဆိုင်ကို အိမ်မွေးတိရစ္ဆာန်များ သာမက တိရစ္ဆာန်ပိုင်ရှင်များပါစားသောက်နိုင်အောင် စီစဉ်ထားပြီး တိရစ္ဆာန်များ စားသောက်ပြီးပါက လမ်းလျှောက်ရန်အတွက်ပါ စီစဉ်ပေးထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်ကုန်းတစ်ခုနှင့် တိုက်မိပြီး ဥဇဘက်ကစ္စတန်၌ ရဟတ်ယာဉ်ပျက်ကျ

တက်ရှ်ကင့် ဖေဖော်ဝါရီ ၂၁

ဥဇဘက်ကစ္စတန်နိုင်ငံအလယ်ပိုင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် စနေနေ့က အရပ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ ရဟတ်ယာဉ်ပေါ်ပါရှိသည့် လူငါးဦးစလုံး သေဆုံးသွားကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ တက်ရှ်ကင့်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀၀ခန့်အကွာ ဇီရာဖ်ရှန်မြို့အနီး ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီ ၁၀ မိနစ်က အဆိုပါရဟတ်ယာဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယခုပျက်ကျခဲ့သော ရဟတ်ယာဉ်မှာ ရုရှားလုပ် (MI-2) ရဟတ်ယာဉ်ဖြစ်ပြီး သေဆုံးသူများမှာ ရဟတ်ယာဉ်မှူးနှစ်ဦးနှင့် သတ္တုတွင်း ဝန်ထမ်းသုံးဦးတို့ ဖြစ်သည်။ ထိုဝန်ထမ်းသုံးဦးမှာ ဥဇဘက်ကစ္စတန်၏ အကြီးမားဆုံး ရွှေထုတ်လုပ်ရေးလုပ်ငန်းမှ ဖြစ်ကြသည်။

အဆိုပါရဟတ်ယာဉ်ပျက်ကျခဲ့ရခြင်းမှာ တောင်ကုန်းငယ်တစ်ခုနှင့် တိုက်မိ၍ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဥဇဘက်ကစ္စတန်အရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

ရန်ကုန်မြို့တော်ကျက်သရေဆောင် ဆူးလေစေတီတော် ရွှေစင်ရွှေပြား ရွှေသင်္ကန်းကပ်လှူရေး ပါဝင်လှူဒါန်းနိုင်ကြ



၁၈၉၇ ခုနှစ်က ဆူးလေစေတီတော်၏ အတိတ်ပုံရိပ်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ—သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့တော်တွင် ထင်ရှားပြီး ထူးခြားသော တန်ခိုးကြီးဘုရားများစွာရှိသည့်အနက် ဆူးလေစေတီတော်သည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။ ဆူးလေစေတီတော်၏ ထူးခြားချက်မှာ ရန်ကုန်မြို့တော်၏ ဗဟိုအချက်အချာကျသောနေရာတွင်ရှိပြီး လမ်းမကြီးလေးသွယ် ဦးခိုက်လျက်ရှိသည့် ကုန်းတော်ပေါ်၌ ထည်ဝါသပ္ပာယ်စွာတည်ရှိနေခြင်းပင် ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးရည်မှန်း

နောက်ထပ်ထူးခြားချက်မှာ ပန်းတင်ခုံဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရှစ်မြှောင့်ကိုယ်ထည် တည်ထားခြင်းဖြစ်သည်။ အရပ်ရှစ်မျက်နှာမှ သတ္တဝါဝေနေယျတို့၏ အပူဇော်ခံရာ စေတီတော်အဖြစ်လည်းကောင်း၊ မဂ္ဂင်တရားရှစ်ပါးကို ရည်မှန်းကော်ရော် ပူဇော်ခြင်းအထိမ်းအမှတ်အဖြစ် လည်းကောင်း တည်ထားခြင်းဖြစ်သည်။

ဆူးလေစေတီတော်သည် ရှည်လျားသော နှစ်ကာလသမိုင်းကြောင်းကို ဖြတ်သန်းခဲ့ရပြီဖြစ်ရာ သာသနိကအဆောက်အအုံများမှာ ဟောင်းနွမ်း၊ဆွေးမြည့်လာသည်။ စေတနာရှင် အလှူရှင်အသီးသီးတို့၏ ပုံသဏ္ဌာန်အမျိုးမျိုး လက်ရာအဖုံဖုံတို့ကြောင့် ရင်ပြင်တော်မှာ တစ်နေ့တခြား ကျဉ်းမြောင်းလာသည်။ အဆောက်အအုံတို့မှာ အနိမ့်အမြင့်မညီညာမှုကြောင့် စေတီတော်ကြီးအား အဝေးမှ တင့်တယ်သပ္ပာယ်စွာ ဖူးမြော်နိုင်ရန်အခြေအနေမျိုး မရှိတော့သည်ကို တွေ့ရပေသည်။ ထို့ကြောင့် မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီရင်ပြင်တော်၌ လိုက်ဖက်ညီမည့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် လိုအပ်လာသဖြင့် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂေါပကအဖွဲ့က စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။

သုံးဆောင်းတန်းဖြစ်လာ

၁၉၈၉ ခုနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် နေ့မအား ညမအားဆောင်ရွက်ခဲ့ရာ လေးလတာကာလအတွင်း အောင်မြင်ပြီးစီးခဲ့သည်။ ဆောင်းတန်းလေးသွယ်အနက် ဆောင်းတန်းနှစ်သွယ်မှအပ အားလုံး သုံးဆောင်းတန်းများဖြစ်လာပြီး သာသနိကအဆောက်အအုံများ တစ်ပုံစံတည်း တညီတညွတ်တည်း ဖြစ်လာသည်။

ယခုအခါ ဆူးလေစေတီတော်ကြီးနှင့် ထီးတော်အပါအဝင် အရံစေတီ ၃၂ ဆူတို့အား လုံးတော်ပြည့် ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရန် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကြီး စတင်ဆောင်ရွက်လျက်ရှိသည်။

ကျပ်သိန်း ၂၅၀၀

စေတီတော်ကြီးအတွက် ရွှေစင်ရွှေသား တစ်ကျပ်သား ကိုးလက်မ ပတ်လည်တစ်ချပ်လျှင် ကျပ်နှစ်သိန်းခွဲ၊ ထီးတော်ကြီး ရွှေသင်္ကန်းကပ်လှူရန် ကျပ် ၁၈ သိန်းခွဲ၊ အရံစေတီတော်ကြီးတစ်ဆူ ကိုယ်လုံးတော်နှင့် ထီးတော်အပါအဝင် ကျပ် ၁၈ သိန်း၊ အရံစေတီတော် အလတ်တစ်ဆူ ကိုယ်လုံးတော်နှင့် ထီးတော်အပါအဝင် ကျပ် ၁၂ သိန်း၊ အရံစေတီတော် အသေးတစ်ဆူ ကိုယ်လုံးတော်နှင့် ထီးတော်အပါအဝင် ကျပ်ခုနစ်သိန်းခွဲဖြင့် စုစုပေါင်း ကျပ်သိန်း ၂၅၀၀ ခန့် အကုန်အကျခံလှူဒါန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နေ့စဉ်လှူဒါန်းငွေကျပ် သိန်း ၂၀ ကျော်

ယင်းအလှူဒါနပွဲကြီးတွင် ရဟန်းရှင်လူ ပြည်သူများ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းလျက်ရှိကြရာ နေ့စဉ် ကျပ်သိန်း ၂၀ ကျော် အလှူခံရရှိလျက်ရှိသည်။ မတ်လတွင် ရုပ်ရှင်ဂီတ အနုပညာရှင်များကလည်း လုပ်အားဒါနပေးလှူသည့်အနေဖြင့် ကိုယ်တိုင် အလှူငွေများ ကောက်ခံပေးမည်ဟု သိရသည်။

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး စီမံကိန်းသည် အလွန်ကြုံကြိုက်ခဲလှသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။ ကြုံကြိုက်ခဲလှသော အလှူဒါနပွဲကြီးတွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ တတ်စွမ်းသမျှ ဒါနပန်းဖြင့် ပါဝင်ကုသိုလ်ယူကြခြင်းဖြင့် ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်လှသော ဆူးလေစေတီတော်မြတ်ကြီးကို ကြည်ညိုဖွယ် ဖူးမြော်နိုင်ကြတော့မည်ဖြစ်သည်။

သာသနာ့မှတ်တိုင်

မြန်မာ့ယဉ်ကျေးမှုအနုပညာကို ထင်ဟပ်သော ဗိသုကာလက်ရာများဖြင့် အသစ်တည်ထားသည့် သာသနိကအဆောက်အအုံများနှင့် ရွှေရောင်ဝင်းနေသော

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအား ပြုပြင်မွမ်းမံလျက်ရှိသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-သိန်းဝင်းလေး၊ မြန်မာ့အလင်း)

မြို့တော်ကျက်သရေဆောင် ဆူးလေစေတီတော်မြတ်ကြီးသည် နောင်အနာဂတ်ကာလတိုင် သာသနာ့မှတ်တိုင်ကြီးသဖွယ် တည်တံ့နေမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ ဆူးလေ စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး ထီးတော်ကြီး၊ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင်၊ ရွှေပြား မျက်ပါးရွှေသင်္ကန်းတော် ကပ်လှူရေးအတွက် အမှတ် ၁၂၆/၁၂၈ ရေတာရှည်လမ်း ဗဟန်းမြို့နယ်နေ ဦးကြည်အေး၊ ဒေါ်ခင်စောနွယ်တို့အား ရည်စူး၍ သားသမီးမြေးမြစ်များက လာဘလိုဏ်ဂူ အထက်အရံစေတီတော်အသေး(ကိုယ်လုံးတော်နှင့် ထီးတော်)တစ်ဆူအတွက် အလှူငွေကျပ် ခုနစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ဆူးလေစေတီတော်ကြီး

ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးစီမံကိန်း
ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအားရွှေစင်ရွှေပြား၊
မျက်ပါးရွှေသင်္ကန်းတော်များကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊
မျက်ပါးရွှေသင်္ကန်း ကပ်လှူရေးလုပ်ငန်း
ကုသိုလ်ယူလှူဒါန်းနိုင်ပါရန်

* ထီးတော်ကြီးရွှေသင်္ကန်းကပ်လှူရန်	-	၁၈၅၀၀၀၀/-
* စေတီတော်ကြီးရွှေစင်ရွှေသား ၁ ကျပ်သား ၉ လက်မပတ်လည် တစ်ချပ်လျှင်	-	၂၅၀၀၀၀/-
* အရံစေတီတော်ကြီးတစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်)	-	၁၈၀၀၀၀၀/-
* အရံစေတီတော် အလတ်တစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်)	-	၁၂၀၀၀၀၀/-
* အရံစေတီတော် အသေးတစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်)	-	၇၅၀၀၀၀/-
* မျက်ပါးရွှေ(၂ လက်မ၊ ၂ လက်မ)တစ်ဆိုင်းလျှင်	-	၁၅၀၀၀/-
* ၉ လက်မ ပတ်လည်ကြေးပြားပေါ်တွင် မျက်ပါးရွှေသင်္ကန်းကပ်လှူရန်	-	၅၀၀၀/-
* မျက်ပါးရွှေတစ်ရွက်ကပ်လှူလျှင်	-	၁၅၀/-

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ပုပ္ပား(၃)ကျောင်း မိုးကုတ်အဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရှေဦးဆရာတော် အရှင်နန္ဒသိရီသည် ဖေဖော်ဝါရီ၂၆ ရက်မှ မတ် ၅ ရက်အထိ စကားလွန်းရွာ ဘိုကလေးမြို့၊ မတ် ၇ ရက်မှ ၈ ရက်အထိ မစိုးရိမ်ကျောင်းတိုက်ကြီးမြို့၊ မတ် ၉ ရက်မှ ၁၁ ရက်အထိ ညောင်ဝိုင်းရွာ လက်ပံတန်းမြို့၊ မတ် ၁၅ ရက်မှ ၂၁ ရက်အထိ အဖွဲ့ခွဲ(၄၃) တောင်ငူမြို့တို့၌ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

တရားအလှူပေးလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အရှေ့) ၉၁ လမ်း ဆွမ်းလောင်းဓမ္မာရုံတွင် တရားအလှူ တရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတ(ဝါးခယ်မ)၊ ၂၄ ရက်တွင် ဓမ္မစေတီ အရှင်ကောသလ္လ သာသနတက္ကသိလ မဟာဓမ္မာစရိယ-M.A (buddhism)၊ ၂၅ ရက်တွင် မေတ္တာအေးဆရာတော် အရှင်သုဇာတာ မဟာစည် နယ်လှည့်ဓမ္မကထိက၊ ၂၆ ရက်တွင် အရှင်အာစာရလင်္ကာရ(စစ်ကိုင်း၊ ရွှေဟင်္သာ) (ကိုးဘွဲ့ရ)၊ ၂၇ ရက်တွင် အရှင်ကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်(Ph.D)တို့က ညစဉ် ၇ နာရီမှစ၍ တရားအလှူ ပေးလှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလ၏ ဖိတ်ကြားချက်ဖြင့် ကလေးမြို့ စကားလှဓမ္မာရုံကျောင်း၌ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိရိပ်သာမှ ဆရာကြီး ဦးဂိုအင်ကာက ဝိပဿနာ ၁၀ ရက် တရားစခန်းကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၈ ရက်အထိ နိဗ္ဗာန်ရောက်တရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး၇၀၅ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ထူးချွန်တောင်သူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

ရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခြင်း၊ တစ်ဧက တင်း၂၀၀ အထက်ထွက်ရှိသော ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး မျိုးကောင်းမျိုးသန့် မျိုးပြောင်းလဲ အသုံးပြုစိုက်ပျိုးဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နွေစပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဒေသဝမ်းစာဖူလုံပိုလျှံရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးလှကြီးက နွေစပါးတစ်ဧက တင်း၂၀၀အထက်ထွက်ရှိရေးသော့ချက်နှင့် နည်းလမ်းများကို လည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဟူးမွန်ဆည်မှ ဆည်ရေဖြန့်ဝေပေးနိုင်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တိုးချဲ့စိုက်ပျိုးရေးအလေးထား

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဂုဏ်ပြုစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေးအတွက် အထူးအထွက်တိုး စပ်မျိုးစပါးများ၊ စိုက်နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံးဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးကို အလေးထား၍ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရေးတို့ကို အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ထူးချွန်တောင်သူများနှင့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လယ်ယာစီးပွားထူးချွန်တတိယဆင့်ရ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးလှကြီး၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ထူးချွန်တောင်သူများဖြစ်ကြသော ဦးစိုင်းစံထွန်း၊ ဦးစိုင်းစီနှင့် ဦးစောကျော်တို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လယ်ယာစီးပွားထူးချွန်တတိယဆင့်ရ တောင်သူ ဦးဆာထွန်းနှင့် တောင်သူ ဒေါ်ရန်ကျောင်းတို့အား လည်းကောင်း၊ စပ်မျိုးစပါးဧက ၆၀ ကို အောင်မြင်စွာကြီးကြပ် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးရင်မောင်သန်းနှင့် လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းတို့အား လည်းကောင်း၊ ဟူးမွန်လယ်ယာ နွေစပါး၊ မိုးစပါး၊ စပ်မျိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်တက်ကြွစွာဆောင်ရွက်ခဲ့ကြသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မျိုးစေ့တာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်လှမင်း၊ ဟူးမွန် မျိုးသန့်ခြံမန်နေဂျာ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခင်စန်းတင့်တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က ၂၀၀၅ ခုနှစ် ဟူးမွန်ဆည်ရေသောက်ဒေသ ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး(F-1)ဧက ၆၀ ကို အောင်မြင်စွာပူးပေါင်းပါဝင်စိုက်ပျိုးခဲ့သည့် တောင်သူ ၂၈ ဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ တောင်သူ ဦးစိုင်းစံထွန်းနှင့် တောင်သူဦးစိုင်းစီတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါးတစ်ဧကပျမ်းမျှ တင်း ၂၀၀ အထက်ထွက်ရှိရေး လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော နွေစပါးတစ်ဆက်တစ်စပ်တည်း စံပြဧက ၁၀၀ ယှဉ်ပြိုင်ကွက်စိုက်ခင်းအတွင်း ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးပျိုးပင်များဖြစ်ထွန်းအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြခန်းအတွင်း စိုက်ပျိုးရေးပညာပေးနမူနာပြသထားသော ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးပျိုးထောင်ခြင်း၊ စပါးပျိုးပင်များဖြစ်ထွန်းရှင်သန်နေမှုအခြေအနေများနှင့် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး(F-1)မျိုးစေ့များ၊ အစေ့ထုတ်ပြောင်း၊ ဆင်းရွှေလီမွေး(ဆန်မွေး)၊ ဆင်းရွှေလီအထူးအထွက်တိုး (R)မျိုးစေ့များ၊ မျိုးစေ့အရည်အသွေးများ၊ လယ်ယာ(၁၆)မှ စပါးရိတ်သိမ်းစက်၊ လက်တွန်းထွန်စက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်နယ်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကောက်ကွေ့ချောင်း ဆင်းရွှေလီရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ချောင်း ဆင်းရွှေလီရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်များ၊ တမံမြေသားလုပ်ငန်းများ၊ ရေထုတ်ပြွန်လုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းများပြီးစီးမှု၊ လုပ်ငန်း ဆောင်ရွက်သည့်အနီးဝန်းကျင်တွင် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင် များပျိုးထောင် စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရုပ်ပုံကားချပ်များဖြင့်လည်းကောင်း၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဝင်းက ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်းကျေးရွာအနီးတွင်တည်ဆောက်မည့် နမ့်ဆွမ်ချောင်းရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းဆိုင်ရာ အချက်များနှင့် ကနဦးတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်မှုများအရ ဆည်ရေသောက် ဧရိယာလယ်ဧက ၄၀၀၀ အကျိုးပြုနိုင်မည့်အလားအလာကောင်းများကိုရုပ်ပုံကားချပ်ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်မည့်အခြေအနေများနှင့် နမ့်ဆွမ်ချောင်းရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အနီး ရှုရပ်မှ စက်ယန္တရားကြီးများဖြင့် ရေလှောင်တမံမြေသားဖို့ခြင်းလုပ်ငန်း၊ ရေစစ်သဲဖြည့်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆည်အတွင်း ရေများစတင်သိုလှောင်နိုင်မှုအခြေအနေ၊ ၂၅ ပေအကျယ်ရေပိုလွှဲ(Spill Way) တည်ဆောက်ရေး၊ ကွန်ကရစ်အင်္ဂတေလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်ရေး၊ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေပေးတူးမြောင်းများသေသပ်ခိုင်ခံ့၍ ကြံ့ခိုင်မှုရှိရေးနှင့်စနစ်တကျဆောင်ရွက်ရေးတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကောက်ကွေ့ချောင်း ဆင်းရွှေလီ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစံပြပျိုးဥယျာဉ်သို့ရောက်ရှိကြပြီး မိုးဦးကျတွင် စိုက်ပျိုးရန် အသင့်ဖြစ်နေသော ခြံစည်းရိုးကြက်ဆူ မျိုးကိုင်းပျိုးပင်နှင့် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ပျိုးပင် သုံးသောင်းခြောက်ထောင် ပျိုးထောင်ပြီးစီးမှုနှင့်ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပင် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟူးမွန်ဒေသ လူငယ်အားမာန်ရော်ဘာဧက၂၀၀၀စိုက်ပျိုးရေးလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီးစိုက်ပျိုးရေးတာဝန်ခံ ဦးမျိုးရီကဘိန်းအစားထိုးနှစ်ရှည်မျိုးသန့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟူးမွန်ဒေသ လူငယ့်အားမာန်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၏ မှတ်တမ်းဓာတ်ပုံများ၊ နမူနာ ခင်းကျင်းပြသထားသော ရော်ဘာများ၊ ရော်ဘာခြစ်ပစ္စည်းကိရိယာများနှင့် ရော်ဘာပျိုးဥယျာဉ်အတွင်း ခေတ်မီရေဖြန့်ဝေရေးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော မျိုးသန့်ရော်ဘာ(PR-107)နှင့် (BPM-24)မျိုးသန့်ရော်ဘာပျိုးပင် နှစ်သောင်းပြုစုထားရှိမှု၊ လက်ခံပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟူးမွန်ကျေးရွာအနီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုး ကြက်ဆူပင်မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်သို့ ရောက်ရှိကြ၍ ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းပျိုးပင် တစ်သိန်းနှစ်သောင်းကို ပျိုးဘောင်များပေါ် ပျိုးထောင်ထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား မိုးဦးကျတွင် အချိန်မီ မြေချစိုက်ပျိုးနိုင်ရေး၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်ရန် မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင် မျိုးသန့်မျိုးပွားစံပြပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့ပျိုးပင် တစ်သိန်းနှစ်သောင်းကို ပျိုးအိတ်များဖြင့် စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါက်များ အပင်ပေါက်နှုန်း ညီညာစွာဖြင့် ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟူးမွန်ဒေသ၌ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်တစ်သိန်းနှစ်သောင်းကို ပျိုးအိတ်များနှင့် ပျိုးပေါင်များတွင် တိုက်ရိုက်အစေ့ချစိုက်နည်းစနစ်နှင့် ပျိုးကိုင်းမျိုးပွားစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြသည်။

ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး ၇၀၅ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထူးချွန်တောင်သူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး၇၀၅ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးကို အောင်မြင်စွာ ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့သည့် တောင်သူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပျိုးကိုင်းပင်များစုဆောင်း

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟူးမွန်ကျေးရွာအနီး နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်းယာယီရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စိုက်ပျိုးရေးတာဝန်ခံ အရာရှိ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးမြေ ၁၇၆ဒသမ၄ဧက ဖော်ထုတ်၍ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ပျိုးကိုင်းပင်များ စုဆောင်း၍ပျိုးထောင်စိုက်ပျိုးမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့်ဝန်ကြီးတို့က ခြံစည်းရိုးကြက်ဆူပင်များတိုးချဲ့စိုက်ပျိုးရေး၊ ဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုးရေးတို့ကို မှာကြားကြပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးသန့်မျိုးပွားပျိုးဥယျာဉ်အတွင်း မိုးဦးကျတွင် စိုက်ပျိုးရန် အသင့်ဖြစ်နေသောခြံစည်းရိုး ကြက်ဆူပျိုးကိုင်းပင်များ၊ အရွက်သစ်များဖြင့် ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းပင်များ ပင်ကြားတန်း ၆ပေ x၆ပေစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပြီးစီးမှု၊ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြ၍ ဆောင်ရွက်နေကြသော အိမ်ထောင်စုဝင်ရဲမေများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကတိုင်းမှူး၏ဇနီးဒေါ်ခင်သန့်စင်က စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီး ပြည်နယ်ရဲတပ်ဖွဲ့က ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး၊ နွေစပါးစံပြဧက၁၀၀ယှဉ်ပြိုင်ကွက်စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း တပ်ဖွဲ့ဝင်များက မြေဩဇာကြဲပက်ဆောင်ရွက်နေမှု၊ ရဲမေများက တပျော်တပါးစုပေါင်းကောက်စိုက်နေမှုနှင့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင်တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် နှစ်စဉ်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများကို ၁၉၉၀ပြည့်နှစ်က စတင်ကျင်းပလာခဲ့သည်မှာ (၁၄)ကြိမ်မြောက်အထိ ရှိခဲ့ပြီဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အောက်တွင် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတစ်ခုအဖြစ် ဖွဲ့စည်းခဲ့သည့် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ ရောဂါရှာဖွေရေးနှင့် ဆေးပညာသင်ကြားရေးနယ်ပယ်များ၌ စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ပြန်လည်အသုံးချနိုင်ရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ ချက်များမှ အဆင့်ဆင့်တိုးတက်ပြုပြင်လာကြပြီး ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ ရောဂါရှာဖွေရေးနှင့် လေ့ကျင့်သင်ကြားရေး လုပ်ငန်းများတွင် အရည်အသွေး ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

ဖွင့်လှစ်သင်ကြားလျက်ရှိ

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် လေ့ကျင့်ရေးနယ်ပယ်တွင် တပ်မတော်ဆေးတက္ကသိုလ်ကို တည်ထောင်ထားရှိပြီး ဆေးပညာဘွဲ့သင်တန်းများ၊ ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းများအပြင် ပါရဂူဘွဲ့သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားလျက်ရှိပြီဖြစ်ကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှလည်း သူနာပြုသိပ္ပံဘွဲ့အပြင် ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့၊ ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ)၊ ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ပညာ)၊ ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ)များကိုပါ အပ်နှင်းနိုင်ပြီ ဖြစ်ကြောင်း။

မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကိုထမ်းဆောင်ရင်း မအားလပ်သည့်ကြားက သုတေသနလုပ်ငန်းများလုပ်ဆောင်ပြီး နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် သုတေသနတင်ပြချက် အသွင်အစုံဖြင့် တင်ပြဆွေးနွေးကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီများ အားလုံးကို အသိအမှတ်ပြုပါကြောင်းပြောကြားပြီး နောင်နှစ်များတွင်လည်း အလားတူသုတေသနတင်ပြချက်များ ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း ဆေးဝန်ထမ်းတပ်ဖွဲ့၏ အရည်အသွေးကို မြှင့်တင်နိုင်အောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း၌ခင်းကျင်းပြသထားသော သုတေသနပိုစတာများကို ဧည့်သည်တော်များနှင့် အတူ လှည့်လည်ကြည့်ရှုသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲ၌ခင်းကျင်းပြသထားသော ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲကို နံနက် ၉ နာရီခွဲတွင် ဆက်လက်ကျင်းပရာ စာတမ်းရှင်များက ဘာသာရပ်ဆိုင်ရာစာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်သွင်းပြီး နီးနှောဖလှယ်ပွဲကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

အဆိုပါ နီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ ခင်းကျင်းပြသထားသော ဆေးနှင့်ဆေးပစ္စည်းပြခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြိုင်မြိုင်ဆိုင်ဆိုင်

ယခုကျင်းပသည့် (၁၄)ကြိမ်မြောက် ဆေးပညာနီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၄၁ စောင်၊ ပိုစတာ ၁၄ ခု၊ Symposium လေးခု၊ Clinico-pathological Conference တစ်ခု၊ Question and Answer Session ခေါ်သည့် လူအများစိတ်ဝင်စားမည့် ရောဂါများနှင့် စပ်လျဉ်းသည့် အမေးအဖြေကဏ္ဍအပြင် အရှေ့တောင်အာရှအတွင်း အထင်ကရဆေးရုံကြီးများမှ ပညာရှင်များက ဟောပြောကြမည့် Academic Talk ၁၁ခုပါ ပါဝင်မည်ဖြစ်ကြောင်း သိရသဖြင့် သုတေသနတင်ပြချက် အသွင်စုံလင်ပြီး မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနိုင်မည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ကို အရည်အသွေးမြင့်မားပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် အဖွဲ့အစည်းဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် Human Resources Development သည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်ကြောင်း၊ ဤကဏ္ဍကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနေသည်မှာ သုတေသန နယ်ပယ်ပင် ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း သုတေသနအခန်းကဏ္ဍကို ရှေ့တန်းတင်လာကြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် Research Orientation ဖြင့် ဆောင်ရွက်လာကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သုတေသနဖော်ထုတ်

ယခုကဲ့သို့ အခြေခံနှင့်အဆင့်မြင့် လေ့ကျင့်သင်ကြားမှုများဆောင်ရွက်လျက်ရှိသည့်နည်းတူ ကုသရေးနှင့် ရောဂါရှာဖွေရေးနယ်ပယ်တွင်လည်း နှလုံးရောဂါဆိုင်ရာ အဆင့်မြင့်ရောဂါ ရှာဖွေစစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှုများ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုများ၊ ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုများ၊ Endoscope ဖြင့် အစာအိမ်၊ သည်းခြေလမ်းကြောင်းဆိုင်ရာ ရောဂါရှာဖွေကုသမှုများ၊ မျက်စိရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ Arthroscope ဖြင့် အရိုးရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများကို ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ပိုမိုမြင့်မားသည်ထက်မြင့်မား

ယခုကဲ့သို့ နှစ်စဉ်ကျင်းပသည့် သုတေသနနီးနှောဖလှယ်ပွဲများ၌ တင်သွင်းကြသည့် သုတေသနတင်ပြချက် အသွင်အမျိုးမျိုးမှ ပေါ်ထွက်လာသော အချက်အလက်များကို ကုသရေးနယ်ပယ်နှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အချိတ်အဆက်မိမိဖြင့် ထိထိရောက်ရောက် အသုံးပြုခြင်းအားဖြင့် တပ်ဖွဲ့၏ အရည်အသွေးကို ပိုမို မြင့်မားသည်ထက်မြင့်မားစေမည်ဖြစ်ကြောင်း။

ယနေ့ (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားအပြီးတွင် ခေတ်မီရောဂါရှာဖွေခြင်းနှင့် အဆင့်မြင့်ကုသခြင်းလုပ်ငန်းများ၌ လိုအပ်မည့်အဆင့်မြင့်ရောဂါရှာဖွေရေး ကိရိယာများနှင့် အဆင့်မြင့်ဆေးဝါးများကို စုံစုံလင်လင်လာရောက်ပြသကြမည့် ဆေးကုမ္ပဏီများ၏ ပြခန်းခင်းကျင်းပြသရေးအစီအစဉ်ကိုလည်း ယခင်နှစ်များနည်းတူ ထည့်သွင်းထားကြောင်းသိရသည့်အတွက် ၎င်းပြခန်းများကို ကြည့်ရှုလေ့လာခြင်းဖြင့် ရောဂါရှာဖွေကုသခြင်းဆိုင်ရာ ဗဟုသုတများပွားများနိုင်မည်ဖြစ်ကြောင်း။

မြန်မာ့ရုပ်မြင်သံကြား

၂၂-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	ယူးချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀	၇။	အတီးပြိုင်ပွဲ
၁၇:၃၀	၈။	သီချင်းကြီးပဒေသာ
၁၇:၄၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၅၀	၁၀။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၀	၁၄။	အရေးပြိုင်ပွဲ
၁၉:၀၅	၁၅။	ပို့ကုန်ဈေးကွက်အလွန်အားထားတီလားဗီယားရေချိုငါး
၁၉:၂၀	၁၆။	အကပြိုင်ပွဲ
၁၉:၃၀	၁၇။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၈။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲ(အပိုင်း-၁)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

မီး အစဉ်သတိပြု

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတားတည်ဆောက်ရေးစီမံကိန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတားတည်ဆောက်ရေးစီမံကိန်း ဒုတိယအင်ဂျင်နီယာမှူးကြီးဦးကျော်နိုင်က တွံတေးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လှိုင်သာယာ-ဒလ-တွံတေးလမ်းမှ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရွာရစ်ရွာသို့ ဆက်သွယ်မည့်ကားလမ်းနှင့် တံတားများဖောက်လုပ်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဒလ၊ လက်ခုပ်ကုန်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသလမ်းများအခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်းရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တွံတေးတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါတွံတေးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီးတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်သည်။

တံတားသည် တွံတေးတူးမြောင်းကို ဖြတ်သန်းတည်ဆောက်လျက်ရှိပြီး ချဉ်းကပ်တံတားအရှည် ပေ ၂၇၃၀နှင့် ပင်မတံတားအရှည်ပေ ၈၄၀ ရှိသည်။ တံတားယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ၊ နှစ်လမ်းမောင်းနှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီရှိသည်။ တံတား ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၄၅ ပေနှင့် ရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၇၀၀ ရှိသည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန် အမှတ်(၅)လမ်းမကြီးမှ ဒလ-တွံတေးကားလမ်းသို့ ဆက်သွယ်ဖောက်လုပ်သည့် လမ်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူဖောက်လုပ်ခြင်းဖြစ်ပြီး ၁၁မိုင်၁ဖာလုံ ရှည်လျားသည်။

လမ်းအကျယ် ပေ ၅၀ ရှိ မြေသား တာပေါင်ခင်းခြင်းလုပ်ငန်းပြီးစီးနေပြီး ယင်းအပေါ်မှ တောင်မြေဖြင့် ၃၆ ပေ အကျယ် လမ်းခင်းခြင်းကိုးမိုင်နှင့် ကတ္တရာခင်းခြင်း ၁မိုင်၄ဖာလုံပြီးစီးနေပြီဖြစ်သည်။ အဆိုပါ လမ်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တွံတေး-ဒလ-လှိုင်သာယာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းဖောက်လုပ်ပြီးစီးမှုနှင့် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha ခေါင်းဆောင်သောသင်တန်းသားလေ့လာရေးအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်၍ စေတီတော်ရင်ပြင်တောင်ဘက်ရှိ အာရုံခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သင်တန်းသားလေ့လာရေးအဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha သည်စေတီတော်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြရာ စေတီတော်အကြောင်း သိကောင်းစရာများကို ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တွေ့ဆုံနှုတ်ဆက်

ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Maj.Gen.Sirichai Ratanavaraha ခေါင်းဆောင်သော သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Col. Prissapa Suvanatat လိုက်ပါလျက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်သို့သွားရောက်၍ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းအား တွေ့ဆုံ နှုတ်ဆက်သည်။ **(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက ရှင်းလင်းခန်းမ၌ ထိုင်းနိုင်ငံမှ သင်တန်းသား လေ့လာရေး အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

အမှတ်တရပေးအပ်

ထို့နောက် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် သင်တန်းသားလေ့လာရေး အဖွဲ့ခေါင်းဆောင် Maj. Gen. Sirichai Ratanavaraha တို့သည် အမှတ်တရပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များသည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ထိုင်းနိုင်ငံမှ သင်တန်းသားလေ့လာရေး အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ဇလွန်ပြည်တော်ပြန်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ (၇-၃-၂၀၀၆)ရက်မှ(၁၄-၃-၂၀၀၆)ရက်အထိ ရှစ်ရက်တိုင်ကျင်းပမည်ဖြစ်သည်။

ဘုရားကြီး ပွဲတော်ရက်အတွင်း ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်းဆီမီး၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသောကုသိုလ်ပြုခြင်းကို နေ့စဉ်လှူဒါန်းကြမည်ဖြစ်ပြီး ဘုရားပွဲတော်ရက်တွင် ပျော်ပွဲရွှင်ပွဲများဖြစ်သော ဇာတ်သဘင်ပွဲ၊ မျက်လှည့်ပွဲ၊ ဗီဒီယို၊ ကာရာအိုကေ၊ ရုပ်ရှင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ဘုရားပွဲတော်ရက်အတွင်း ဆိုင်ခန်းတည်ခင်းရောင်းချလိုသူများသည် ပွဲတော်ကျင်းပရေးအဖွဲ့သို့ ဆက်သွယ်နိုင်ပြီး အသေးစိတ် သိလိုလျှင် ဖုန်း- ၀၄၄/ ၇၀၁၄၃နှင့်၀၄၄/၇၀၂၂၉သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရသည်။ **(၁၂၈)**

မြန်မာနိုင်ငံ၌ ခါစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဇီဝဒီဇယ်ဆီကို စနစ်တကျထုတ်လုပ်သုံးစွဲ

ခါစည်းရိုးကြက်ဆူပင်သည် စိုက်ပျိုးရလွယ်ကူသည်။ နှစ်ရှည်သီးနှံပင်မျိုးဖြစ်သော်လည်း အသီးအထွက်နှုန်းမြန်ဆန်သည်။ အသုံးဝင်အကျိုးဖြစ်ထွန်းမှုမှာလည်း များပြားသည်။ ထိုသို့ဘက်စုံအကျိုးများသော ခါစည်းရိုးကြက်ဆူပင်၏ အသီးမှ ကြက်ဆူဆီထုတ်ယူရသည်မှာ ခက်ခဲမှုမရှိချေ။

တစ်ပိုင်တစ်နိုင်ထုတ်လုပ်

ကြက်ဆူဆီထုတ်လုပ်ရာတွင် အရင်းအနှီးများသော စက်ပစ္စည်းအကြီးစားများ သုံးရန်မလိုဘဲ ကျေးလက်ဒေသရှိ နေအိမ်များတွင်ပင် တစ်ပိုင်တစ်နိုင် စက်ငယ်များဖြင့် ထုတ်လုပ်နိုင်ပေသည်။ ခါစည်းရိုးကြက်ဆူဆီကို လက်အားဖြင့်သုံးသော လက်လှည့်ဖိစက်ဖြင့်လည်းကောင်း၊ ဟိုက်ဒရောလစ်ဖိစက်ဖြင့်လည်းကောင်း၊ လွန်သွားကြိတ်စက်ဖြင့်လည်းကောင်း အဆီထုတ်နိုင်သည်။

ခါစည်းရိုးကြက်ဆူစေ့ကို ဆီမကြိတ်သေးဘဲ အစေ့အတိုင်းသိုလှောင်ထားမည်ဆိုလျှင် စနစ်တကျ သိုလှောင်ထားရမည်ဖြစ်သည်။ သိုလှောင်မှု စနစ်မကျပါက ဆီအထွက်နှုန်း လျော့ကျနိုင်ပေသည်။ ထို့ကြောင့် လတ်လတ်ဆတ်ဆတ် ကြိတ်ပြီးရလာသော ဆီကို ပိတ်စိမ်းပါးနှင့်စစ်ပြီး မြန်နှုန်းနိမ့် တစ်လုံးထိုးအင်ဂျင်ထွန်စက်ငယ်၊ မီးစက်၊ ရေတင်စက်၊ ခြွေလှေ့စက်၊ ရေယာဉ်ငယ်များတွင် တိုက်ရိုက်သုံးနိုင်ပြီး အင်ဂျင်နှင့်ပန့်များ၏ သန့်ရှင်းရေးကို ဂရုစိုက်ပေးရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်

ဇီဝဒီဇယ်ဆီသည် လေထုညစ်ညမ်းမှုကို လျော့ပါး သက်သာစေသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိသဖြင့် လူတို့၏ကျန်းမာရေးကို ထိခိုက်မှုမရှိချေ။ ဇီဝဒီဇယ်ဆီကို စက်များတွင် အသုံးပြုနိုင်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျော့နည်းသက်သာစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ရာ ထုတ်လုပ်သူရော၊ သုံးစွဲသူများပါ စနစ်တကျ ထုတ်လုပ်သုံးစွဲကြရန် ဖြစ်ပါသည်။ ။

ခါစည်းရိုးကြက်ဆူဆီကို မီးဖိုမီးခွက်များတွင် လောင်စာဆီအဖြစ် အသုံးပြုနိုင်သည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ဆံတော်ရှင်မြတ်မော်တင်စေတီတော်

ဂေါတမမြတ်စွာဘုရား၏သာသနာတော်အတွင်း မြန်မာနိုင်ငံ၌ ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထား ကိုးကွယ်ခဲ့ကြသော စေတီတော် အဆူဆူတွင် မဟာမကုဋရုံသီ မြတ်မော်တင် ဆံတော်ရှင် စေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဆုံးတည်ထားခဲ့သည့် စေတီတော်တစ်ဆူဖြစ်သည်။ ၎င်းစေတီသည် ဧရာဝတီတိုင်း ငပုတောမြို့နယ်တွင် တည်ရှိသည်။

ဥက္ကလာပမင်းကြီးလက်ထက်တွင် ပေါက္ခရဝတီ အသိကဋ္ဌနမြို့နေ သုဝဏ္ဏသူဌေးကြီး၏ သားများဖြစ်ကြသော တပု(ခေါ်)တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့သည် မဇ္ဈိမဒေသ၌ ဆန်တစ်တုံလျှင် ငွေတစ်တုံ ရသည်(ဆန်တစ်တောင်းလျှင် ငွေတစ်တောင်းရသည်)ဟု ကြားသဖြင့် ဆန်တို့ကို သင်္ဘောဖြင့်တင်ဆောင်၍ ပင်လယ်ခရီးကို ဖြတ်ကျော်လျက် မဇ္ဈိမဒေသသို့ ရွေးရှူထွက်ကြလေသည်။ မဇ္ဈိမဒေသဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ပြီးနောက် ကုန်ပစ္စည်းတို့ကို လှည်းများသို့ ရွှေ့ပြောင်း တင်ဆောင်၍ မဇ္ဈိမနယ်အရပ်ရပ်သို့ လှည့်လည်ရောင်းချကြလေသည်။

ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင် အနီးသို့ရောက်လျှင် လှည်းငါးရာတို့သည် ရပ်တန့်ကုန်၏။ လှည်းတို့ကို ရွှေ့လျားစေရန် အတန်တန်ကြိုးပမ်းကြသော်လည်း မရနိုင်သဖြင့် အမျိုးမျိုးတွေးခေါ်၍ တဖုဿနှင့်ဘလ္လိက ညီနောင်တို့က အပြစ်ရှိက ခွင့်လွှတ်တော်မူကြပါရန် ဗလိနတ်စာတို့ကိုစီမံ၍ ပူဇော် ပသသောအခါ ယခင်ဘဝက မယ်တော်ဖြစ်ခဲ့ဖူးသော ခရီးစောင့်နတ်သားက **"ကပ္ပိလ ဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ္ထမင်းသားသည် ဒုက္ကရစရိယာကျင့်တော်မူပြီး ဘုရားစင်စစ်ဧကန်ဖြစ်ပြီ၊ ဂေါတမ ဘုရားရှင်သည် မာရ်ငါးပါးကိုအောင်မြင်ရာ ဗောဓိမဏ္ဍိုင် ပလ္လင်နေရာမှအစပြု၍ ရာဇာယတန လင်းလွန်းပင်၌ သီတင်းသုံး နေတော်မူဆဲဖြစ်သည်။ လှူဖွယ်ဝတ္ထုများနှင့် ဘုရားရှင်ထံ သွားရောက်၍ တရားတော်များနာကြား နိုင်ရန်အလို့ငှာ သင်တို့၏ လှည်းဘီးများကို ငါရပ်တန့်အောင်ပြုသည်"**ဟု ဆိုလျှင် ထိုနတ်သား၏ စကားကို ကြားရသော တဖုဿနှင့်ဘလ္လိက ညီနောင်နှစ်ဦးတို့မှာ ဝမ်းမြောက် ရွှင်လန်း၍ ပျား၊တင်လဲ၊ ထောပတ် တို့နှင့်ရောစပ်၍ ပြုလုပ်အပ်သော မုန့်တို့ကို ယူဆောင်ကာ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းကြသည်။

မြတ်စွာဘုရားသည် တဖုဿနှင့်ဘလ္လိက ညီနောင်နှစ်ဦးတို့ ဆက်ကပ်လှူဒါန်းသော မုန့်များကိုအလှူခံ၍ ဘုဉ်းပေးတော်မူသည်ကို မြင်ကြရသောအခါ ၎င်းညီနောင်နှစ်ဦးတို့၏ စိတ်ဘဝင်တွင် လွန်စွာ ကြည်ညို သဒ္ဓါပေါက်၍ ဝမ်းမြောက်ကြပြီးလျှင် သရဏဂုံ ခံယူကြလေသည်။ ထိုကာလတွင် မြတ်စွာဘုရားနှင့်တရားတော်သာရှိပြီး သံဃာတော်ဟူ၍ မပေါ်ပေါက် သေးသဖြင့် ထိုညီနောင်နှစ်ဦး ခံယူဆောက်တည်ခဲ့သော သရဏဂုံသည် ဒွေဝါစိက သရဏဂုံမျှသာဖြစ်သည်။

ကုန်သည်ညီနောင်တို့သည် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာ သရဏဂုံဆောက်တည်ကြပြီး **"နောင်သောအခါ အဘယ်သူအား ဂေါတမဘုရားရှင် ကိုယ်တော်မြတ် အစားထား၍ ကိုးကွယ်ဆည်းကပ်ခြင်း၊ ဝပ်တွားရှိခိုးခြင်းအမှုကိုပြုရပါမည်နည်း၊ တပည့်တော်တို့အား အားထား ကိုးကွယ်ရာပေးတော်မူပါဘုရား"**ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဂေါတမဘုရားရှင်သည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ရစ်ဆူသောဆံတော်မြတ်တို့သည် လက်တော်၌ကပ်ညိ၍ ပါလာကုန်၏။ ၎င်းဆံတော်ရှစ်ဆူကို ကုန်သည်ညီနောင်တို့၏ လက်သို့ ပေးသနားတော်မူပြီးလျှင် **"ငါဘုရားရှင်၏ကိုယ်စား အားထားကိုးကွယ် ဆည်းကပ်ကြလေ"**ဟု မိန့်တော်မူလေသည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလဆန်း၅ရက်နေ့တွင် တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့သည် ဘုရားရှင်ချီးမြှင့်ပေးသနားတော်မူခဲ့သော ဆံတော်မြတ်တို့ကို ဦးခေါင်းထက်၌ ဝမ်းမြောက်ဝမ်းသာ တင်ထားလေ သောအခါ သိကြားမင်းသည် ဝိသကြုံနတ်သားကို တမန်ပြုလျက် ဆံတော်ဓာတ်များ ထည့်ထားရန်အတွက် နဝရတ်ကိုးပါးဖြင့် စီခြယ်အပ်သော ပြာသာဒ်နှင့်တကွ ပတ္တမြားကြုတ်ကို ပြုလုပ်ဖန်ဆင်း၍ ပေးအပ်လေသည်၊ ထိုပတ္တမြားကြုတ်တွင် ဘုရားရှင်၏ဆံတော်တို့ကို ထည့်သွင်း၍ နဝရတ် ပြာသာဒ်ထက်၌ တင်ပြီးလျှင် လှည်းသားငါးရာတို့ကို ထမ်းစေလျက် သိကြားနတ်မင်းတို့ဖန်ဆင်းညွှန်ပြသည့် လမ်းခရီးမှ ပြန်ကြရာ သင်္ဘော ဆိပ်သို့ရောက်လေသည်။

ဆံတော်တို့ကိုပင့်၍ သင်္ဘောဖြင့် ရွက်လွှင့်ထွက်ခွာခဲ့ရာ အဇ္ဈုတ္တနဂရ အမည်ရှိ ဆိပ်ကမ်းမြို့သို့ ဆိုက်ရောက်သောအခါ အဇ္ဈုတ္တနဂရ မင်းကြီးနှင့် မိဖုရား၊မောင်းမမိဿံ၊ အခြွေအရံ၊ပရိသတ်၊တိုင်းသူပြည်သားများသည် ဘုရားရှင်၏ ဆံတော်မြတ်ကို လေးမြတ်စွာပူဇော်ကြလေသည်။ အဇ္ဈုတ္တန ဂရမင်းကြီးက နေ့ညမပြတ်ဆည်းကပ်ပူဇော်နိုင်ရန် ဆံတော်မြတ် နှစ်ဆူကို ပင့်ယူပူဇော်ထားလိုက်လေသည်။

ညီနောင်နှစ်ဦးတို့မှာ ၎င်းတို့အလွန်ကိုးစားအားထားပူဇော်ရာ ဆံတော်မြတ်နှစ်ဆူကို ပေးအပ်ခဲ့ရသဖြင့် နှမြောတသငိုကြွေးလျက် သင်္ဘောဖြင့် ခရီးဆက်လက်ထွက်ခွာခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလဆန်း၁၁ရက်နေ့၌ မြန်မာနိုင်ငံ တောင်ဘက်စွန်း ပုသိမ်မြို့ တောင်ပိုင်း(ဝါ) ကုသိမနဂရ၏ တောင်ပိုင်း နာဂရာဇ်မော်ခေါ် မော်တင်စွန်း (ဝါ) သရနတောင်ငူစွန်းသို့ အရောက်တွင် ဆံတော်မြတ်မှ တလျှပ်လျှပ် တဖိတ်ဖိတ်နှင့် တန်ခိုးတော်များ ပြသတော်မူသဖြင့် သရနတောင်ခြေ နဂါးတို့မှာ ဖူးမြော်၍ မဝအောင် ရှိနေကြသည်။

သာသနာ့ခရီးသည် တဖုဿနှင့်ဘလ္လိကတို့ ညီနောင်နှစ်ဦး ပင့်ဆောင်လာသော ဗုဒ္ဓ၏ဆံတော်ရှင်များအနက်မှ နှစ်ဆူကို ဇေယျသေန နဂါးမင်းက တန်ခိုးတော်ဖြင့် ရယူခဲ့လေသည်။ ဇေယျသေန နဂါးမင်းသည် မိမိ၏ အလွန်တရာ ကြည်ညိုသဒ္ဓါစေတနာဖြင့် ရရှိတော်မူခဲ့သော ဆံတော်မြတ်နှစ်ဆူကို နဂါးပြည်တွင်ဘုရားတည်ရသော် ရေသတ္တဝါ နဂါးသတ္တဝါတို့ အတွက်သာ ဖူးမြော်နိုင်မည်၊ လူသတ္တဝါဝေနေယျ အပေါင်းတို့ လာရောက်ဖူးမြော်နိုင်စရာ အကြောင်းမရှိပေ။ လူတို့ပြည်၌ တည်ထားကိုးကွယ်ရသော် ရေသတ္တဝါ၊ နဂါးသတ္တဝါ၊ ကုန်းသတ္တဝါ ဗြဟ္မာလူနတ်အပေါင်းတို့သည် ဖူးမြော်ခွင့်ရကြပေမည်ဟု မြင့်မြတ်စွာ တွေးခေါ်၍ ရေးအခေါ် သရနတောင် ယခုမော်တင်တောင်စွန်းတွင် သမုဒ္ဒရာတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့ အရွယ်ရှိ စေတီတော်ကို နတ်နဂါး၊ ဆင်ဖြူတော်အပေါင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာတရားဦး ဟောတော် မူသော အခါတော်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော် ဓာတ်မြတ်နှစ်ဆူကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့လေသည်။

လွှင်မောင်မောင် (ပုသိမ်)

နံနက်နှင့် ညချမ်းအချိန်အခါများတွင် ဇေယျသေန နဂါးမင်း အမှူးပြုသော ရေနတ်နဂါးတို့သည် မြတ်မော်တင်စေတီတော်၏ အနောက် တောင်ဘက်လမ်းမှ လှူဖွယ်ဝတ္ထုပစ္စည်းများ ယူဆောင်ကာ ပူဇော်မှု ပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟုခေါ်တွင်ခဲ့ရာ ယနေ့တိုင်ပင် ဖြစ်သည်။ အလားတူပင်ဆင်ဖြူတော်တို့သည် စေတီတော်၏ တောင်ဘက် လမ်းမှ တက်၍ ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညို သဒ္ဓါ ထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်ဘက်လမ်းမှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ ထိုလမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟူ၍ လည်းကောင်း ယနေ့တိုင် ခေါ်တွင်လျက်ရှိသည်။ နတ်အပေါင်းတို့သည်ကား စေတီတော် မြတ်၏ အရပ်လေးမျက်နှာမှတက်လာကြ၍ ပန်းစည်းတို့ဖြင့် နေ့ညမစဲ ပူဇော်ပွဲ ကျင်းပခဲ့ကြလေသည်။

မြတ်မော်တင်စေတီတော်မြတ်ကြီးသည် ရှေးကပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်တို့ တည်နေ ကိန်းဝပ်တော်မူ ကြောင်းကို ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်တော်မူခဲ့ဖူးသည်။ သက်တော်ထင်ရှား ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်များ ကိန်းဝပ် တော်မူရာ စေတီတော်မြတ်ဖြစ်သည့်အပြင် ဂေါတမဘုရားရှင်ကိုယ်တော် တိုင် နှစ်ကြိမ်ကြွရောက်ခဲ့ဖူးရာ နေရာလည်းဖြစ်ကြောင်း သမိုင်းအခိုင် အမာရှိနေသဖြင့် မြတ်မော်တင် ဆံတော်ရှင်စေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံ၏အဓိကရထင်ရှားသော သာသနာ့အောင်မြေနေရာ တစ်ခု လည်း ဖြစ်သည်။

အလောင်းစည်သူမင်းကြီးသည် သီဟိုဠ်ကျွန်းနှင့် အိန္ဒိယပြည်တို့သို့ တိုင်းခန်းလှည့်လည်၍ ရေလမ်းခရီးဖြင့် မြန်မာပြည်သို့ ပြန်အလာတွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ဖောင်တော်ဖြင့် လှည့်လည်လာရာ နာဂရာဇ်အငူ မော်တင်စွန်းထိပ်သို့ ရောက်သောအခါ ဖောင်တော်သည် အလိုအလျောက်ရပ်တန့်တော်မူ၏။ မင်းကြီးက ဖောင်တော်ရပ်တန့်ရခြင်း အကြောင်းကို မေးမြန်းသောအခါမော်တင်တောင်စောင့်နတ်(နတ်ရှင်ညို)က **"အရှင်မင်းကြီး ဤတောင်တော်မြတ်တွင် ဘုရားရှင်၏ဆံတော်မြတ်ကို ဌာပနာပြု၍ စေတီတော် တည်ထားကိုးကွယ်တော်မူသော ဇေယျသေန အမည်ရှိသော နဂါးမင်းသည်၊ အကြောင်းတစ်စုံတစ်ရာကြောင့် တားမြစ် ဟန့်တူကြောင်း"** လျှောက်ထားလေရာ အလောင်းစည်သူမင်းကြီးသည် ဇေယျသေန နဂါးမင်းအား တွေ့နိုင်ရန် နည်းလမ်းကို မေးမြန်းသည်။ ဇေယျသေန နဂါးမင်းအားတွေ့နိုင်ရန် ပန်း၊ ဆီမီး၊ အုန်း၊ ငှက်ပျောပွဲ တို့ဖြင့် ပသတင်မြှောက်၍ ဖိတ်ခေါ်လျှင် တွေ့နိုင်မည်ဖြစ်ကြောင်း တောင်စောင့်နတ်မင်း ဆိုသည့်အတိုင်း စီမံ၍ဖိတ်ခေါ်လေရာ ဇေယျသေန နဂါးမင်းသည် နဂါးတို့အသွင်ကိုဖျောက်၍ လူအသွင်ဖြင့် အလောင်း စည်သူမင်းကြီး၏ မျက်မှောက်သို့ ရောက်ရှိလာလေသည်။

မင်းကြီးကနဂါးမင်းအား မည်သည့်အတွက် တားမြစ်ရကြောင်း မေးမြန်းသောအခါ ဘုန်းတန်ခိုးကြီးသော အလောင်းစည်သူမင်းကြီးကို ဂေါတမမြတ်စွာဘုရား၏ ဆံတော်အားဌာပနာပြု၍ တည်ထားအပ်သော မော်တင်စေတီတော်မြတ်ကို ဖူးတွေ့သွားစေလိုကြောင်း၊ အလောင်းစည်သူ မင်းကြီးသာမက ၎င်း၏ ဘေးတော်ဘိုးတော်များဖြစ်ကြသော အနော်ရထာ မင်းကြီး၊ ကျန်စစ်မင်းကြီးတို့ကိုလည်း ယခုကဲ့သို့ပင် နဂါးမင်းက လှည့်ဖြား ပင့်ဆောင်၍ မော်တင်စေတီတော်မြတ်ကို ဖူးမြော်စေ ခဲ့ကြောင်း လျှောက်တင်လေသည်။ ထို့နောက် သိကြားမင်းသည် ရောက်လာ၍ အလောင်းစည်သူမင်းကြီး၊ ဇေယျသေန နဂါးမင်း၊ တောင်စောင့်နတ်မင်း ပေါင်းလေးဦးတို့သည် သရနတောင်ထွတ်ဖျား၌ တည်ထားသော မြသား ဆံတော်မြတ်စေတီကို အတူတကွ တက်ရောက် ဖူးမြော်ကြလေသည်။ အလောင်းစည်သူမင်းကြီးသည် နဂါးမင်းအား စေတီတော်မြတ်ကို အသစ်ထပ်မံတည်ထားခွင့်ပြုရန်နှင့် အကယ်၍ တောင်တော်သည် လှိုင်း၊ လေ၊ ရေ၊ ခိုးသူစသော ရန်သူ အပေါင်းကြောင့် ဘေးအန္တရာယ်မကင်း၍ မခိုင်ခံ့ပါက ပုဂံပြည်သို့ ပင့်ဆောင်ယူ၍ စေတီတည်ထားကိုးကွယ်ခွင့်ပြုရန် တောင်းပန်ပြောဆိုရာ နဂါးမင်းက ဤစေတီတော် နေရာဌာနသည် ပင်လယ်ရေပြင်နှင့်ညီမျှသော နေရာကျအောင် ဖောက်ထွင်း၍ ဘေးရန် ကင်းရှင်းနိုင်စေရန် ဓားစက်၊ လှံစက်၊ လက်နက်ယန္တရားတို့ကို အဆင့်ဆင့် ကာရံစီမံထား၍ အခါမလပ်စောင့်ကြပ်ရန် နတ်သရဲ၊ နတ်ဘီလူး၊ နတ်နဂါးတို့ကို တာဝန်ချထားကြောင်း၊ အကယ်၍ ဂေါတမဘုရားရှင်၏ သာသနာတော်၌ မကြည်ညိုသူ ရန်သူမာန်နတ်မင်း၏ အပေါင်းပါတို့ ချင်းနင်းဝင်ရောက်ရန် ကြံစည်ခဲ့သော် မြသားစေတီတော်မြတ်သည် ပင်လယ်ရေပြင်နှင့် စပ်သောအရပ် နီသောအဆင်းရှိသည့် ပလ္လင်တော်မြတ်ဝယ် ကိန်းဝပ် စံပယ်တော်မူလိမ့်မည်။

ထို့ပြင် ဤသရနတောင်တော်သည် သာသနာတော် အနှစ်၅၀၀၀ ကျော်အောင် ထင်ပေါ်တည်တံ့၍ ဗုဒ္ဓသာသနာတော် ထွန်းကားပါလိမ့်မည်။ ဤတောင်ထွတ်သည် သာသနာတော်စတင်၍ စည်ပင်ဖြန့်ဝေရာဌာန သာသနာ့ဘူမိနက်သန် အမှန်ဖြစ်ပါသည်။ တောင်ထွတ်မှ တွင်းတူးကြည့် သော် အတောင် ၆၀အနက်တွင်ပင် ရေထွက်နိုင်ပေသည်။ အရှင်မင်းကြီး ယုံကြည်တော် မမူပါက ကြည့်လော့ဟုဆို၍ တောင်ထိပ်မှ တွင်းတစ်တွင်း ကို နဂါးများ၏ တန်ခိုးဖြင့် တစ်ခဏချင်းတူးဖော်ပြသောအခါ အတောင် ၆၀အနက် အရောက်မှာပင် ရေထွက်လေသည်။

အလောင်းစည်သူမင်းကြီး ယုံကြည်မှုရှိစေရန် တူးဖော်ပြသခဲ့သော တွင်းကို ပြန်မဖို့တော့ဘဲ ရွှေ၊ ငွေ၊ ပုလဲစသော ရတနာ ၁၀ပါးတို့ကို သွန်းလောင်းလျက် မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ဘီလူးမက ဆက်သလိုက်သော မဟာသစ်ကနက်သားကို မာတလိနှင့် ဝိသကြုံတို့က ထုလုပ်အပ်သော ဘုရားရှင်၏ ရုပ်ပွားတော်၊ သိကြားမင်းက ဆက်သ အပ်သော ဘုရားရှင်၏ သရီရဓာတ်တော်များကို ဌာပနာတော်မူ၍ သက္ကရာဇ် ၄၇၅ခုနှစ် တပေါင်းလဆန်း ၁၄ရက်နေ့တွင် အဝန်းသံတောင် ၄၀၊ အမြင့် သံတောင် ၂၅တောင်ရှိသော စေတီတော်ကို အလောင်းစည်သူ မင်းကြီး ဦးစီးလျက် နဂါးမင်း၊ သိကြားမင်းတို့၏ ကူညီဆောင်ရွက်မှု တို့ဖြင့် တည်တော်မူခဲ့သည်။ ထိုစေတီတော်ကို အလောင်းစည်သူမင်းကြီး ဖောင်တော်ဦးတည်ရာနေရာ၌ တည်ထားအပ်သဖြင့် ဖောင်တော်ဦး စေတီဟူ၍ ယနေ့တိုင်ခေါ်တွင်လျက် မြတ်မော်တင်စေတီ ကုန်းတော်ပေါ်ရှိ သိမ်တော်ကြီးအနီးတွင် တည်ရှိလေသည်။

အလောင်းစည်သူမင်းကြီးသည် သံတောင် ၄၀ရှိသောစေတီတော်ကို သက္ကရာဇ်၄၇၅ခုနှစ် တပေါင်းလပြည့်နေ့တွင် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ်တို့ဖြင့် ထပ်မံပြုပြင်တည်တော်မူပြီး ခုနစ်ရက်တိုင်တိုင် ပွဲသဘင် ကျင်းပခဲ့ပါသည်။ အလောင်းစည်သူ မင်းကြီးလာရောက်ခြင်းကို နောင်အစဉ်အလာ အမှတ်အသားတစ်ခု ဖြစ်စေရန် ရည်ရွယ်၍ ပင်လယ်ကမ်းခြေရှိ ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကျောက်ဆောင် တစ်ခုပေါ်တွင် မြတ်စွာဘုရား၏ သရီရဓာတ်တော်အချို့နှင့် မဟာ သစ်ကနက်သားကို ဌာပနာပြု၍ သက္ကရာဇ် ၄၇၅ ခုနှစ် တပေါင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



မဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်အားဖူးတွေ့ရစဉ်။

မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ပန်းတိုင်ရောက်ရန် အလွန်နီးကပ် လည်ပင်းကြီးရောဂါပပျောက်ရေး ထုတ်လုပ်သမျှ အိမ်သုံးဆားတွင် အိုင်အိုဒင်းဖြည့်သွင်းရန် ပြဌာန်းခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ထပ်မံအသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် **(အောက်ပုံ)** မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးပန်းတိုင်ရောက်ရှိရန် အလွန်နီးကပ်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးဗဟိုကော်မတီ၊ ပြည်နယ်နှင့် တိုင်း၊ မြို့နယ်ကော်မတီအထိ အဆင့်ဆင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး အိုင်အိုဒင်းချို့တဲ့ရောဂါ ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့ကိုလည်း ဖွဲ့စည်း၍ ပြည်သူ လူထုအတွင်း အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်စေရေး ဆောင်ရွက်ခဲ့ကြောင်း၊ အိုင်အိုဒင်းချို့တဲ့မှုကြောင့် လည်ပင်းကြီးရောဂါပပျောက်စေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်း ထုတ်လုပ်သမျှ အိမ်သုံးဆားများတွင် အိုင်အိုဒင်း ဖြည့်သွင်းထုတ်လုပ်ရန်ကိုလည်း ဆုံးဖြတ်ပြဌာန်းပေးခဲ့ကြောင်း၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်း စားသုံးမှုသည်လည်း မျှော်မှန်းထားသည့် ၉၀ ရာခိုင်နှုန်းနီးပါး ရောက်ရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အိုင်အိုဒင်းဆား စားသုံးရေး လုပ်ငန်းဆောင်ရွက်မှု ပထမဆုရရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒုတိယဆုရရှိသည့် ဗဟန်းမြို့နယ်နှင့် တတိယဆုရရှိသည့် ရွှေပြည်သာမြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပြည်သူ လူထုအတွင်း အိုင်အိုဒင်းဆား စားသုံးရေးအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(အာဟာရ) ဒေါက်တာလှကြည်က မြန်မာနိုင်ငံ၌ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်သည့်အခြေအနေကို ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် အကြံဉာဏ်နှင့် အကူအညီ ရယူမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၈ရက်က ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်း ဆရာတော် ဘဒ္ဒန္တ ကောသလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂဏဝါစကပဏ္ဍိတ၊ မဟာဂဏဝါစက ပဏ္ဍိတ)မွေးနေ့အလှူနှင့် စာအောင်သံဃာပူဇော်ပွဲတွင် ဒေါက်တာဒေါ်ခင်ရီ၏ကိုယ်စား ဒေါ်မူမူ၊ သမီး မနန်းအေးအေးသိတို့က အလှူငွေကျပ် လေးသိန်းကိုးသောင်းကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များအသင်း မစ်ရှင်အဖွဲ့နှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အာရှပစိဖိတ်ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Professor Dr. Ing.Eckhard Rohkamm ခေါင်းဆောင်သော အဖွဲ့ဝင် ၁၉ ဦးပါ German Business Mission နှင့် ထိုမစ်ရှင်အဖွဲ့နှင့်အတူ လိုက်ပါဦးဆောင်လာသည့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးတို့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင် ခေါင်းဆောင်သော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက ကုန်သည်စက်မှုအသင်းချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က ဧည့်သည့်ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များ မစ်ရှင်ခေါင်းဆောင်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တွဲဖက် အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေးက ပါဝါပွိုင့်ဖြင့် Investment Opportunities in Myanmar ကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီးနောက် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(အောက်ပုံ) (သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

လပြည့်ကျော် ၆ရက်နေ့တွင် ဖောင်တော်ဦးစေတီတော်နှင့် တူညီစွာ ဉာဏ်တော်အမြင့် သံတောင်၂၅တောင်၊ လုံးပတ်သံတောင်၄၀ရှိသော ဖောင်တော်ဆိပ်စေတီကို သိကြားမင်း၊ နဂါးမင်း၊ နတ်မင်းတို့၏ အကူအညီဖြင့် တည်ထားတော်မူလေသည်။ စေတီတော်ကို အလောင်းစည်သူမင်းကြီးဖောင်တော်ဆိုက်ကပ်ရာဆိပ်တွင် တည်ထားခဲ့သဖြင့် ဖောင်တော်ဆိပ်စေတီဟု ခေါ်ဝေါ်သမုတ်ခဲ့လေသည်။ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကို ယခုနှစ်တွင်လည်း ဖေဖော်ဝါရီ၂၇ရက်မှ မတ်၁၃ရက်အထိ (၁၃၆၇ခုနှစ် တပေါင်းလဆန်း ၁ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ) ၁၅ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးဧည့်သည် ဓမ္မမိတ်ဆွေများ လာရောက်ဖူးမြော်သည့်အခါတွင် ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေးကိစ္စများ၌ အဆင်ပြေချောမွေ့စေရန် မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီက စီစဉ်ဆောင်ရွက်ထားသည်။ ရန်ကုန်မြို့မှ မြတ်မော်တင်ဘုရားသို့ တိုက်ရိုက်သွားလာနိုင်သကဲ့သို့ ပုသိမ်-မုံရွာ-ရေဦး ကားလမ်းမကြီးမှလည်း လာရောက်၍ စက်စဲ၊ မောင်းမကန်၊ ချောင်းသာ၊ငွေဆောင်၊ ငပလီ၊ လက်ခုပ်ကုန်းတို့ကဲ့သို့ မော်တင်ပင်လယ်ကမ်းခြေနှင့် ငွေဆောင်ပင်လယ်ကမ်းခြေအလှတို့တွင် အပန်းဖြေနိုင်ကြသည်။ မြတ်မော်တင် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပသွားနိုင်ရန် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဆောင်ရွက်ထားပါကြောင်း သတင်းစကား ပါးလိုက်ရပေသည်။ ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ဦးစိန်လွင်-ဒေါ်မြင့်မြင့်ရီ မိသားစုတို့က ဒုတိယအကြိမ် အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယောဆရာတော် ဝိုင်အမ်ဘီအေတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေ နှစ် (၁၀၀) ပြည့်ပွဲတော် အကြိုတရားပွဲအဖြစ် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)က မတ်၄ရက် (စနေနေ့) ည ၆နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ဝိုင်အမ်ဘီအေ အသင်းတိုက်အပေါ်ထပ် အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်သို့ တရားနာကြွရောက်ကြရန် ဓမ္မမိတ်ဆွေများအား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(၃၅၂)**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအစီအစဉ်အရ ဖေဖော်ဝါရီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁)ကမာရွတ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အထက(၁)ကမာရွတ်(မရမ်းခြံစံပြအမျိုးသမီးအထက်တန်းကျောင်း) ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၂၃ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် မရမ်းခြံကျောင်း သင်္ဂဟမြိုင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူဟောင်းများ(၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသူများ)တက်ရောက်ကြရန်နှင့် အလှူငွေများကို မခိုင်ခိုင်ကျော် ဖုန်း-၀၉-၅၀၀၉၈၀၆၊ မသဥ္ဇာဦး ဖုန်း-၀၉-၉၉၂၃၀၀၃၊ မအိသွယ်မြင့်အောင် ဖုန်း-၀၉-၈၀၂၃၄၉၈၊ မမှိုင်းပပသွင် ဖုန်း-၆၆၄၉၂၄နှင့်မမွန်မွန်ပိုက် ဖုန်း- ၀၉-၅၁၂၅၇၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကွယ်လွန်သူဖခင်ကြီးနှင့် မိခင်ကြီးအားရည်စူး၍ သမီးဒေါ်ခင်ချိုမြင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က-ပ)

Air Bagan မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ အပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌတို့နှင့်အတူ ဆုရဂေါက်သီးအားကစားသမားများ တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

တတိယတန်းခြေစစ်ပွဲ ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆-၂၀၀၇ ခုနှစ်ဘောလုံးရာသီ တတိယတန်းခြေစစ်ပွဲ ဘောလုံးပြိုင်ပွဲအား ၂၀၀၆ ခုနှစ် မတ်လ တတိယပတ်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော ဘောလုံးအသင်းများသည် မတ် ၁၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ လာရောက်မှတ်ပုံတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အာရှဘောလုံးအဖွဲ့ချုပ်လုပ်ငန်းကော်မတီစည်းဝေးပွဲတက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် လုပ်ငန်းကော်မတီများ အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (အဖွဲ့ဝင်၊ Finance & Marketing လုပ်ငန်းကော်မတီ၊ အာရှဘောလုံးအဖွဲ့ချုပ်)နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင် (အဖွဲ့ဝင်၊ Security & Fair Play လုပ်ငန်းကော်မတီ၊ အာရှဘောလုံးအဖွဲ့ချုပ်)တို့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

(အပေါ်ပုံ)

ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ် Finance & Marketing လုပ်ငန်းကော်မတီ အစည်းအဝေးကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်သည် အာရှဘောလုံးအဖွဲ့ချုပ် Security & Fair Play လုပ်ငန်းကော်မတီအစည်းအဝေးကိုလည်းကောင်း တက်ရောက်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ် လုပ်ငန်းကော်မတီအသီးသီး၏ အစည်းအဝေးများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၄ ရက်အထိ အာရှဘောလုံးအဖွဲ့ချုပ်တည်ရှိရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

Air Bagan မြန်မာ-ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

airBagan
MYANMAR GOLF TOUR

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဒညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့်အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Challenge ပြိုင်ပွဲတွင် ပထမရရှိသော ရဲမျိုးဟိန်း (မြို့တော်စည်ပင်ဂေါက်ကွင်း)အား ဆုချီးမြှင့်ပြီး Air Bagan Ltd. မှ ဒါရိုက်တာ ဦးထူးသက်ထွေးက Amateur ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက် ဆုရရှိကြသူများအား လည်းကောင်း၊ Air Bagan Ltd. မှ ဒါရိုက်တာ ဦးအောင်ဆန်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ Air Bagan Ltd., မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက Amateur အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၀၁ ချက်ဖြင့် တတိယရရှိသော Derek Htet Doe၊ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်းနှင့် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိသော အောင်ဝင်း(သစ်တောရေးရာဝန်ကြီးဌာန)တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၉၃ ချက်စီဖြင့် ပူးတွဲတတိယရရှိကြသော အောင်ဝင်း (YCDC + Srixon)နှင့် Kwanchi Tannin(ထိုင်း)၊ စုစုပေါင်းရိုက်ချက် ၂၇၂ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ်(Srixon)နှင့် စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင်(Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်(Srixon)အား အထူးဆုကြေးငွေအဖြစ် Srixon မှ မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် Professional Golfer ဦးအောင်လှဟန်က အမေရိကန်ဒေါ်လာ ၃၀၀ ကိုလည်းကောင်း၊ Kachin Golfer Group ကိုယ်စား ဦးဝင်းကြည်က ဆုကြေး ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ Ayer Shwe Wah Co., Ltd. ကိုယ်စား ဦးအေးဝင်းက ဆုကြေးငွေကျပ်ငါးသိန်းကို လည်းကောင်း၊ KBZ Bank Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Air Bagan Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက ဆုကြေးငွေကျပ် ၁၂ သိန်းတန် ချက်လက်မှတ်ကိုလည်းကောင်း အသီးသီး ဆုကြေးငွေများအဖြစ် ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ ခုနှစ် မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို အဓိက ကူညီပံ့ပိုးပေးခဲ့သော Air Bagan Ltd., အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က ပေးအပ်ရာ Air Bagan Ltd., ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက လက်ခံသည်။

ထို့နောက် Air Bagan Myanamr Golf Tour Tournament မှ ဒါရိုက်တာ ဦးမင်းသိန်းက ရန်ကုန်ဂေါက်ကလပ်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ အမှုဆောင် ဦးလှဝင်းက လက်ခံသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ကဖြစ်ပြီး Official Bank အဖြစ် KBZ Ltd., က ဖြစ်၍ Co-sponsor များအဖြစ် Myanmar Brewery Ltd.,၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon၊ Ayer Shwe Wah Co., Ltd.၊ Yangon Golf Club၊ Kachin Golfer Group၊ Jade Land Myanmar Co., Ltd.၊ Max Myanamr Co., Ltd. နှင့် London တို့က အသီးသီး ပါဝင်ကူညီကြကာ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်

ကမ္ဘောဇအသင်း၏ တိုက်စစ်ကို ရထားပို့ဆောင်ရေးဂိုးသမား စံထွေး ကာကွယ်စဉ်။

(မြန်မာ့အလင်း)

မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ကမ္ဘောဇနှင့် လယ်ယာ/ဆည်မြောင်းတို့ အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက ရထားပို့ဆောင်ရေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယခုနှစ် ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့တက်ရောက်လာသော ရထားပို့ဆောင်ရေးအသင်းသည် ကမ္ဘောဇအသင်းကို ခြေရည်တူကစားနိုင်သော်လည်း အဆုံးသတ် ဂိုးသွင်းမသေချာ၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် ထွန်းမင်းဦးက ခေါင်းတိုက်၍ သွင်းယူပေးသည်။ ကမ္ဘောဇအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် ထွန်းထွန်းဝင်းက သွင်းယူပေးသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြဘဲ ကမ္ဘောဇအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ရထားပို့ဆောင်ရေးအသင်းက ၁၁ ပွဲကစား ၁၀ မှတ်၊ ကမ္ဘောဇအသင်းက ၁၁ ပွဲ ကစား ၁၄ မှတ်ရရှိထားသည်။

လယ်ယာ/ဆည်မြောင်းနိုင်

လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လယ်ယာ/ဆည်မြောင်းအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာ/ဆည်မြောင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ လယ်ယာ/ဆည်မြောင်းအသင်းက ၁၁ ပွဲကစား ၁၀ မှတ်ရရှိထားပြီး၊ တပ်မတော်(ကြည်း)အသင်းက ၁၀ ပွဲကစား အမှတ်မရသေးချေ။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂၂ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ သုဝဏ္ဏအားကစားကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကိုဖေဖော်ဝါရီ၁၈ရက်က ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ခမ္မာရုံ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဆီဇာထွန်းဦးကို အသင်းနာယက သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲ ချယ်လ်ဆီးနှင့်နယူးကာဆယ်အသင်းတို့ဆုံကြပြီ

လန်ဒန် ဖေဖော်ဝါရီ ၂၁

ပရီမီယာလိဂ် ချန်ပီယံချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘာမင်ဂမ်အသင်းက ဥရောပချန်ပီယံလီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း အက်ဖ်အေဘောလုံးအသင်းအဖွဲ့ချုပ်က ဖေဖော်ဝါရီ၂၀ရက်က သတင်းထုတ်ပြန်လိုက်သည်။

မစ်ဒယ်ဘရော့အသင်းက ချာလ်တန်ကွင်းသို့ သွားရောက် ကစားရမည် ဖြစ်သည်။ အက်စ်တွန်ဗီလာနှင့် မန်စီးတီးအသင်းတို့သည် အိမ်ကွင်း၌ ဘော်လ်တန် သို့မဟုတ် ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

မန်နေဂျာမရှိသည့် နယူးကာဆယ်အသင်းသည် ပြီးခဲ့သော ရာသီက အက်ဖ်အေဖလား ပဉ္စမအကျော့တွင် ချယ်လ်ဆီးကို စိန့်ဂျိမ်းပတ်၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ အဆိုပါ အက်ဖ်အေဖလားပြိုင်ပွဲသည် နယူးကာဆယ်ကစားသမားအလန်ရှီးယားအတွက် အိမ်ကွင်း၌ငွေတံဆိပ်ဆွတ်ခူးနိုင်မည့် နောက်ဆုံး အခွင့်အလမ်းပင်ဖြစ်သည်။

ရာဖေးလ်ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည် ၂၀၀၄ခုနှစ်က စပိန်မှ အင်န်ဖီးလ်သို့ ရောက်လာပြီးနောက် လေးကြိမ်တိုင် ဘာမင်ဂမ်နှင့် တွေ့ဆုံ ရာတွင် အနိုင်ရခဲ့ခြင်းမရှိဟု ဆိုသည်။

သို့ရာတွင်အနီရောင်လီဗာပူးအသင်းနည်းပြက ချန်ပီယံလိဂ် နောက်ဆုံး ၁၆သင်းကို အောင်မြင်အောင် ကစားပြီး တတိယမြောက်ဖလားကို ချိန်ရွယ်မည်ဖြစ်သည်။ အပြာရောင် ဘာမင်ဂမ်အသင်းသည် အက်ဖ်အေဖလားထက် ပရီမီယာလိဂ်တွင် တန်းဆင်းဇုန်ဆင်းရမည့် အနေအထားကြောင့် စိုးရိမ်ပူပန်နေကြသည်။ **(အင်တာနက်)**

လီဗာပူးအသင်း အောင်ပွဲခံ

အက်ဖ်အေဖလား ပဉ္စမအဆင့် ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ၁၈ရက်က လီဗာပူးနှင့်မန်ယူတို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ် (ယာ-၃) **မန်ယူဘက်သို့ဂိုးသွင်းပြီးနောက် ကစားဖော်များနှင့်အတူ အောင်ပွဲခံနေစဉ်။**

(သတင်း-ဖော်ပြပြီး) (ဓာတ်ပုံ-အင်တာနက်)



မော်ရက်စမို အောင်ပွဲခံ

ဒိုင်းမွန်းဂိမ်း တင်းနစ်ပြိုင်ပွဲတွင် ကလိုက်စတားစ်အား အနိုင်ရပြီး ဗိုလ်စွဲသွားသော မော်ရက်စမို အောင်ပွဲခံနေစဉ်။

(အင်တာနက်)

ကမ္ဘာ့နံပါတ်(၁)နေရာ ကလိုက်စတားစ်ထံမှ မော်ရက်စမို လွှဲပြောင်းယူမည်

အန်တ်ဝက်စ်(ဘယ်လ်ဂျီယံ) ဖေဖော်ဝါရီ ၂၁

ကမ္ဘာ့နံပါတ်(၂)အဆင့်ရှိ တင်းနစ်မယ်ပြင်သစ်နိုင်ငံသူ မော်ရက်စမိုသည် ဒိုင်းမွန်းဂိမ်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁)အဆင့်ရှိ တင်းနစ်မယ် ဘယ်လ်ဂျီယံမှ ကလိုက်စတားစ်အား အနိုင်ရရှိပြီး ဗိုလ်စွဲသွားခဲ့သည်။

သြစတြေးလျ အိုးပင်းချန်ပီယံ မော်ရက်စမိုသည် သြစတြေးလျအိုးပင်းအကြိုဗိုလ်လုပွဲတွင် အနိုင်ရခဲ့သည်။ ကလိုက်စတားစ်အား ဒုတိယအကြိမ်အနိုင်ရပြီး ဒိုင်းမွန်းဂိမ်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

မော်ရက်စမို၏ ယခုပွဲအနိုင်ရမှုသည် သူမအတွက် ၁၅ လုံးမြောက်ဖလားဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲ၏ တတိယမြောက်ဖလားဖြစ်သည်။ သူမသည် ယခုနှစ်တွင် သြစတြေးလျအိုးပင်းနှင့် ပဲရစ်အိုးပင်းတို့၌ ဗိုလ်စွဲခဲ့၍ ယခုဖလားအပါအဝင် သုံးလုံးမြောက်ဖလားဖြစ်သည်။

မော်ရက်စမိုက ကလိုက်စတားစ်အား ၃-၆၊ ၆-၃၊ ၆-၃ဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်။

ကလိုက်စတားစ်သည် ဒဏ်ရာကြောင့် သုံးပတ်ခန့်အနားယူခဲ့ပြီးနောက် ယခုပွဲသည် သူမအတွက် ပထမဆုံးကစားသည့်ပွဲဖြစ်သည်။

မော်ရက်စမိုသည် နိုဝင်ဘာလက သူမ၏ မာစတာဖလားဗိုလ်စွဲခဲ့ပြီးနောက် ပြိုင်ဘက်များကို အကောင်းဆုံးကြံ့ကြံ့ခံကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်လာသည်။မော်ရက်စမိုသည် လာမည့်အပတ်တွင် ဒူဘိုင်းအိုးပင်းတွင် ပါဝင်ကစားမည်ဖြစ်ရာ ဗိုလ်လုပွဲသို့ ရောက်ရှိပါက ကလိုက်စတားစ်၏ နံပါတ်(၁)နေရာကို အစားထိုးလွှဲပြောင်းရယူမည်ဖြစ်သည်။

မော်ရက်စမိုသည် ယင်းပွဲအနိုင်ရခဲ့၍ ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ခြောက်သိန်းဆွတ်ခူးသွားခဲ့သည်။

(အင်တာနက်)

ချန်ပီယံလိဂ်ဘောလုံးပွဲများယှဉ်ပြိုင်ကစား ချယ်လ်ဆီးနှင့်ဘာစီလိုနာတို့ ယနေ့ကစားမည်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအဖြစ် နောက်ဆုံး ၁၆ သင်းပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၂ရက် (ယနေ့) ညပိုင်းတွင် အေဂျက်ဇ်အမ်စတာဒမ်နှင့် အင်တာမီလန်၊ ချယ်လ်ဆီးနှင့် ဘာစီလိုနာ၊ ရိန်းဂျားစ်နှင့် ဗီလာရီးယဲ၊ ဝါဒါဘရီမင်နှင့် ဂျူဗင်းတပ်စ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချယ်လ်ဆီးနှင့်ဘာစီလိုနာ

ချယ်လ်ဆီးအသင်းက ဘာစီလိုနာအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမည်ဖြစ်သည်။ ထိပ်သီးနှစ်သင်းတွေ့ဆုံသည့် ပြိုင်ပွဲကြီးဖြစ်သည်။ တစ်နည်းအားဖြင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် ဘာစီလိုနာနည်းပြ ဖရန့်ရစ်ကတ်တို့၏ အားပြိုင်ပွဲ ဖြစ်လိမ့်မည်ဖြစ်သည်။ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်ရာသီက အလားတူ အဆင့်ပြိုင်ပွဲမှ ထွက်သွားရသည်။ အိမ်ကွင်းအားသာချက်ဖြင့် ဘာစီလိုနာတို့အပေါ် အကြိတ်အနယ်ယှဉ်ပြိုင်ကစားလိမ့်မည်ဖြစ်သည်။

ယခုနှစ် ဥရောပ ချန်ပီယံလိဂ်ဖလားမှန်းသည့် အသင်းများတွင် ဂျူဗင်းတပ်စ်က ဘာစီလိုနာနောက်တွင်ရှိကြောင်း၊ သို့ရာတွင် ချယ်လ်ဆီးအသင်းက ထိပ်ဆုံးမှမျှော်မှန်းနိုင်သည့်အသင်းဖြစ်ကြောင်း လန်ဒန်မှဘောလုံးခန့်မှန်းအဖွဲ့ဝီလျံဟေးလ်မှ ပြောကြားသည်။ ဝါဒါဘရီမင် အသင်းသည် ပထမအကျော့များတွင် နိုင်သင့်ပြီး တတိယအကြိမ်ဥရောပဖလားကိုဆွတ်ခူးသင့်ကြောင်း၊သို့ရာတွင်ဝါဒါဘရီမင်အသင်းသည် ဘာစီလိုနာသို့မဟုတ် ချယ်လ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့နိုင်ကြောင်း ၎င်းက ပြောဆိုသည်။

အဓိကပြိုင်ပွဲကြီးအဖြစ် စပိန်မှ ရီးရဲမက်ဒရစ်အသင်းသည် အာဆင်နယ်နှင့် တွေ့ဆုံပြီး ကိုးကြိမ်မြောက်ဥရောပဖလားကို ရယူသွားနိုင်သည်။

ရီးရဲမက်ဒရစ်ကော အာဆင်နယ်အသင်းပါ ပြည်တွင်းပွဲများကြောင့် ပွဲပန်းနေကြသည်။

စုစည်းတင်ပြသူ မြင့်စိုး

ချယ်လ်ဆီးအသင်းသည် ၁၉၉၂ ခုနှစ်က ဥရောပချန်ပီယံဖြစ်ခဲ့သော ဘာစီလိုနာအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းတွင် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ် ဦးဆောင်လျက်ကစားမည်ဖြစ်သကဲ့သို့ ဘာစီလိုနာတွင်လည်း ဥရောပအကောင်းဆုံး၊ ကမ္ဘာ့ အကောင်းဆုံးဆုရ ရော်နယ်ဒင်ဟို ဦးဆောင် ကစားမည်ဖြစ်သည်။

ဒုတိယအကျော့

ချယ်လ်ဆီးနှင့်ဘာစီလိုနာအသင်းတို့သည် ယမန်နှစ်က ပထမအကျော့တွင် ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး ဒုတိယအကျော့တွင် ချယ်လ်ဆီးက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် ငါးဂိုး-လေးဂိုးဖြင့် ဘာစီလိုနာ ရှုံးနိမ့်ခဲ့သည်။

အဆိုပါ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ်လ ၇ရက်နှင့် ၈ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မလေးရှားအိုးပင်းဂေါက်သီးပြိုင်ပွဲ တောင်ကိုရီးယားမှ ချာလီဝီအနိုင်ဗိုလ်စွဲ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁

တောင်ကိုရီးယားမှ ဂေါက်သီးကစားသမားချာလီဝီသည် မလေးရှားအိုးပင်းတွင် နောက်ဆုံးကျင်း၌ ဘာဒီရပြီး တစ်ချက်အသာဖြင့် အဆိုပါဖလားကို ဆွတ်ခူးသွားသည်။

အသက် ၃၄နှစ်အရွယ်ရှိ ဆိုးလ်မြို့သား ချာလီဝီသည် ကယ်လီဖိုးနီးယားနေ ထိုင်းနိုင်ငံသား သောင်ချိုင်းဂျိုင်ဒီထက် တစ်ချက်အသာဖြင့် ဗိုလ်စွဲလိုက်ခြင်းဖြစ်သည်။

ချာလီဝီသည် နောက်ဆုံးနေ့က စုစုပေါင်း လေးရက်ရိုက်ချက် ၁၉ချက်လျှော့ရိုက်ခဲ့သည်။ ဂျိုင်းဒီသည် အဆိုပါ မလေးရှားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ သုံးနှစ်ဆက်တိုက်ဗိုလ်စွဲမည့် အနေအထားမှ ကပ်လွဲသွားခြင်းဖြစ်သည်။

ပြင်သစ်မှ အသက်၆၂နှစ်အရွယ်ရှိ ရာဖီရယ်ဂျက်ကွီးလင်းက ဗြိတိသျှကစားသမားများဖြစ်ကြသည့် ဂျွန်ဘစ်ကာတန်နှင့် မတ်ဖိုစတာတို့ထက် တစ်ချက်အသာရပြီး တတိယနေရာမှ လိုက်နိုင်ခဲ့သည်။

ဗိုလ်စွဲခဲ့

ဝီသည် အမေရိကန်မှ ကီဗင်စတက်လာက သြစတြေးလျ၌ကျင်းပသော ဂျော်နီဝါးကားကလပ်ဆစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီး နောက်နှစ်ပတ်အကြာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အိုင်ယာလန်မှ ပက်ထရိတ်ဟာရင်တန်သည် မလေးရှားအိုးပင်းတွင် အဆင့်အမြင့်ဆုံး ကမ္ဘာ့ဂေါက်သီးအားကစားသမားဖြစ်သည်။ ၎င်းသည် နောက်ဆုံးနေ့၌ ၆၇ချက်ရိုက်ပြီး နံပါတ်(၁၃)နေရာမှသာ လိုက်နိုင်ခဲ့သည်။

ဆွတ်ခူး

တောင်ကိုရီးယား ဂေါက်သီးကစားသမား ချာလီဝီသည် အဆိုပါ မလေးရှားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သဖြင့် ဆုဖလားနှင့်အတူ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၀၈၃၃၀ ဆွတ်ခူးသွားသည်။ ၎င်းသည် လေးရက်ပေါင်းရိုက်ချက် ၁၉၇ ချက်ရိုက်ခဲ့သည်။

(အင်တာနက်)

ချာလီဝီနှင့်ဆုဖလား

မလေးရှားအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဗိုလ်စွဲသွားသော တောင်ကိုရီးယားနိုင်ငံမှ ချာလီဝီအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်–

တက္ကသိုလ်ဝင်တန်းစာမေးပွဲ

အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာ

မင်္ဂလာပါ။ ဒီနေ့ ဆရာမဆွေးနွေးမယ့် အကြောင်းအရာကတော့ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပဲ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာမယ်ဆိုရင် ပြဌာန်းထားတဲ့ English Text ကို သေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဌာန်းထားတဲ့ English Text မှာ Unit ၁၅ခုပါရှိပြီး Unit တိုင်းမှာ Comprehension Tasks၊ Vocabulary၊ Grammar နဲ့ Writing အပိုင်းတွေ ပါပါတယ်။ ဒါ့အပြင် Poem(၇)ပုဒ်နဲ့ Speaking Section မှာ function (၅)မျိုးနဲ့ ဘယ်လိုပြောဆိုသုံးနှုန်းကြပုံတွေကို ဥပမာdialogue တွေနဲ့ ဖော်ပြထားတာတွေ့ကြမှာပါ။

ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဒီText မှာပါတဲ့ Unit အားလုံးရဲ့ exercise အားလုံးကို ကျေကျေညက်ညက် မခြွင်းမချန် သိရှိလေ့ကျင့်ထားကြဖို့ လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းအများစုဟာ ပြဌာန်းစာအုပ်ကိုပဲအခြေခံပြီး မေးမှာဖြစ်ပြီး ယခင်နှစ် မေးခွန်းလိုပဲ မေးခွန်း(၈)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ Unit ၁၅ခုထဲက passage စာပုဒ်တစ်ပုဒ်ကို ပေးထားပြီး အဲဒီစာပုဒ်တွေထဲက ပါတဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစားနှစ်မျိုးနဲ့မေးမြန်းမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၁) ပထမမေးခွန်းက Write the correct word or words to complete each sentence. ဖြစ်တယ်။ ဒါဟာ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံသွားအောင် မေးထားတဲ့ ကွက်လပ်မှာ သင့်တော်တဲ့စကားလုံး သို့မဟုတ် စကားလုံးတွေ ဖြည့်ပေးရမှာဖြစ်တယ်။ Item (၅)ခု မေးထားပြီး one word စာလုံးတစ်လုံး ဒါမှမဟုတ် a group of words စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်တွေထဲမှာပါတဲ့ စကားလုံးစကားစုတွေကို ကွက်လပ်မှာ တိုက်ရိုက် ဖြည့်ထည့်လို့ ရချင်မှရမယ်။ ဝါကျရဲ့တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို ပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ–စာပိုဒ်ထဲ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ဖြည့်ချင်ဖြည့်ရမယ်။ ဒါ့ကြောင့် အမှတ်ပြည့်ရရှိဖို့ အတွက်ဆိုရင် word form တွေနဲ့ usage တွေကို လေ့လာထားဖို့လိုပါတယ်။

နံပါတ် (၁) မေးခွန်းရဲ့ ဒုတိယမေးခွန်းကတော့ Answer each question in one sentence. ဖြစ်တယ်။ Wh question တွေနဲ့ စာပိုဒ်တွေထဲမှာပါတဲ့အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်သို့မဟုတ် စာပိုဒ်တွေထဲက အဖြေရှာပြီး ပြည့်စုံတဲ့ ဝါကျတစ်ကြောင်းအဖြစ် ရေးသားဖြေဆိုပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးထားတဲ့ မေးခွန်းရဲ့ အဖြေကိုတိတိကျကျ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ အကြံပေးပြောကြား လိုပါတယ်။

ပြဌာန်းစာအုပ်ပါစာပိုဒ်များ၊ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလဲ မပြုကြဖို့ သတိပေးချင်ပါတယ်။ တိုက်ရိုက်ကူးချပေးလိုက်ရင် အမှတ်ပြည့်ရမှာ မဟုတ်တဲ့အတွက် မေးထားတာကိုပဲ တိုက်ရိုက်ထိထိမိမိပြန်ဖြေတတ်အောင် လေ့ကျင့်ထားကြပါ။

မေးခွန်းနံပါတ် (၂) cloze procedure မှာလည်း ပြဌာန်းစာအုပ်မှာပါတဲ့ unit (15)ခုထဲက စာပိုဒ်တွေမှာ ၇ လုံးသို့မဟုတ် ၈ လုံးသို့မဟုတ် ၉ လုံးမြောက်စာကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ရန် စကားလုံး ၂၀ ကိုလဲ စာပိုဒ်အပေါ်မှာပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်တွေကိုပြန်ကူးရေးစရာမလိုဘဲ ကွက်လပ်နံပါတ်နဲ့အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံပြီးစစ်ဆေးတာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူတွေရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီးနားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ ဘာသာစကားရဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှု အပိုင်းနှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်တယ်။

ဒါကြောင့် ဒီမေးခွန်းကို ဖြေနိုင်ဖို့ဆိုရင် passage တွေကို အလွတ်ကျက်ဖို့ထက် စကားအဆက်အစပ် ခန့်မှန်းနားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် စဉ်းစားပြီး blanks တွေ မှာပေးထားတဲ့ words တွေထဲကရွေးချယ်ဖြည့်ကြရမှာ ဖြစ်တယ်။ ဒီမေးခွန်းဖြေဆိုရာမှာ ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလဲ သတိပြုကြပါ။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို စာလုံးသေးနဲ့ ပြန်ရေးမိတာမျိုး မဖြစ်ပါစေနဲ့။ အနည်းကိန်း၊ အများကိန်း မှားမရေးမိပါစေနဲ့။ plural number ဖြစ်ရမှာကို ‘s’ကျန်ခဲ့တာမျိုး မဖြစ်ဖို့ပေါ့။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေးကွဲပြားအောင် ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လဲလိုပါတယ်။

မေးခွန်းနံပါတ်(၃) ကတော့ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Item (၁၀)ခုမေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ပထမ ကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၅)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် (၅)ခုက တော့ ကဗျာခုနစ်ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။

ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေကို နားလည်မှတ်သားနိုင်မှုစွမ်းရည်ရှိ၊ မရှိကို စစ်ဆေးတာဖြစ်တယ်။ မေးထားတဲ့ဝါကျပေါ်မှာ မူတည်ပြီး text ထဲကလေ့လာထားတဲ့ အချက်အလက်တွေထဲက သင့်တော်တဲ့အချက်တွေကို စဉ်းစားဖြည့်ထည့်ပေးရမှာ ဖြစ်တယ်။ ဥပမာ–text ထဲမှာ Captain Keller explained., “We can’t have any peace and quiet unless we give her what she wants.” Annie said, “That’s exactly the point. This child is spoilt” လို့ ပေးထားပေမယ့် မေးထားတဲ့ဝါကျဟာ Annie said that Helen was (blank) because her parents let her do whatever she wanted. ဖြစ်မယ်ဆိုရင် ကွက်လပ်ထဲမှာ spoilt လို့ပဲ ဖြေရမှာဖြစ်တယ်။

ကဗျာကောက်နုတ်ချက်တွေကို ဖြေဆိုရာမှာလဲ တိတိကျကျ ပြန်လည်ဖော်ပြမှုကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမဖြစ်ရအောင် သတိထားကြပါ။ နောက်ပြီး ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးထဲ ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာ မျိုးလည်း ရှိတာကို သတိပြုပါ။

မေးခွန်းနံပါတ်(၄)မှာ ပြဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိ၊ မရှိစစ်ဆေးနိုင်တဲ့ မေးခွန်း(၅)ခု မေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item **(၁)**နဲ့ item **(၂)**ကတော့ text မှာပါတဲ့ Unit (၁၅)ခုထဲက အချက်အလက်တွေကို ကောက်နုတ်မေးတဲ့ မေးခွန်းတွေ မေးမှာပဲဖြစ်တယ်။ ဒီ item (၁)နဲ့ item(၂) နှစ်ခုစလုံးမှာ choice တွေလဲ ပေးထားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများဟာ ကြိုက်နှစ်သက်ရာတစ်ခုစီကိုသာရွေးပြီး အချက်အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့ အဖြေစာကြောင်းတွေနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ကောင်းကောင်းမွန်မွန် ဖြေဆိုနိုင်ဖို့ Unit (၁၅)ခုလုံးပါ အကြောင်းအရာ အချက်အလက်တွေကို အသေးစိတ်ဖတ်မှတ်ထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item (၃)နဲ့ item (၄)မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေကတော့ Who said these words and to whom were they said? Which story are the words from? သို့မဟုတ် Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဒီမေးခွန်းတွေရဲ့အောက်မှာ Unit (၁၅)ခုထဲက စကားပြောတစ်ခုကို ပေးထားလိမ့်မယ်။ ဒီစကားက ဘယ်သူက ဘယ်သူ့ကိုပြောတာလဲ။ ဘယ် story ထဲက ကောက်နုတ်ထားတာလဲဆိုတာ တိတိကျကျ ဖြေပေးရမှာဖြစ်တယ်။ What do they mean? ဆိုတဲ့ မေးခွန်းကတော့ ဒီပြောစကားဟာ ဘာကိုဆိုလိုတာလဲလို့ မေးတာမို့လို့ အဲဒီမေးထားတဲ့ စကားပြောအကြောင်းအရာကို ပြန်ရှင်းပေးရမှာဖြစ်တယ်။

မေးနိုင်တဲ့ အလားတူ မေးခွန်းပုံစံတွေကတော့ What is the title of the unit from which the sentence is taken? what does the word underlined in the sentence refer to? ဆိုတဲ့မေးခွန်းမျိုးနဲ့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ မေးခွန်းရဲ့အောက်မှာ Unit (၁၅)ခုထဲက စာကြောင်း တစ်ကြောင်းကို ထုတ်နုတ်ပေးထားပါလိမ့်မယ်။

What is the title of the unit from which the sentence is taken? ဆိုတဲ့ မေးခွန်းကိုဖြေဆိုရာမှာ Unit Number ဖြေဆိုရုံနဲ့မရပါဘူး။ အဲဒီ Unit ရဲ့ခေါင်းစဉ်ကိုလဲ မှန်မှန်ကန်ကန် ရေးပေးရမှာဖြစ်ပါတယ်။ ဥပမာ– The title of the unit from which the sentence is taken is Unit 1: The Calendar စသဖြင့် ရေးပေးရမှာဖြစ်တယ်။ စာလုံးပေါင်း မှန်မှန်နဲ့ article ‘the’ ပါမကျန် ပြည့်ပြည့်စုံစုံရေးပေးရမှာ ဖြစ်ပါတယ်။ What does the word underlined in the sentence refer to? လို့ မေးထားပြီး အောက်က ထုတ်နုတ်ပေးထားတဲ့ စာကြောင်းမှာ စကားလုံးတစ်လုံးကို လိုင်းတားပေးထားရင် အဲဒီစကားလုံးဟာ ဘာကိုရည်ညွှန်းတယ်ဆိုတာ ဖြေဆိုရမှာဖြစ်တယ်။ What does the following sentence mean? ဆိုတဲ့ မေးခွန်းဆိုရင်လဲ မေးခွန်းရဲ့အောက်က ထုတ်နုတ်ပြထားစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်တယ်။ အဲဒီစာကြောင်းထဲမှာ it တို့၊ We တို့၊ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့ကတော့ Text ထဲကစာပိုဒ်တွေကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ အထပ်ထပ်အခါခါ ဖတ်မှတ်ထားဖို့ပဲ ဖြစ်ပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item(၅)ကတော့ ကဗျာတစ်ခုထဲက စာကြောင်းအချို့ကို ဖော်ပြထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့ကတော့ ပြဌာန်းထားတဲ့ ကဗျာတွေရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း နားလည်ပြီး ဆိုလိုရင်းကို ထိထိမိမိရေးပြတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

မေးခွန်းနံပါတယ်(၅)က မေးခွန်းနံပါတ်(၁)လိုပဲ Unit (၁၅)ခုထဲက စာပိုဒ်တွေပေးထားပြီး မေးခွန်း(၅)ခုကို ဖြေခိုင်းမှာဖြစ်တယ်။ စာကိုကျွမ်းကျင်စွာ ဖတ်တတ်မယ်ဆိုရင် ရေးထားတဲ့အကြောင်းအရာတွေကို ရှင်းရှင်းလင်းလင်း နားလည်ပြီး လိုအပ်တဲ့အချက်အလက်တွေကို ရှာဖွေ ရွေးထုတ်တတ်မှာဖြစ်တယ်။ ဒီမေးခွန်းကိုကောင်းစွာ ဖြေဆိုနိုင်ဖို့အတွက် ပြဌာန်းစာအုပ်ထဲက စာပိုဒ်တွေကို ကျေကျေညက်ညက်ဖတ်ထားပြီး မေးထားတဲ့မေးခွန်း အမျိုးမျိုးအတွက် ကိုက်ညီတဲ့ အချက်အလက်တွေကိုသာ ရွေးထုတ်ပြီး သဒ္ဒါမှန်မှန်နဲ့ ဖြေဆိုတတ်အောင် များများလေ့ကျင့် ထားရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆)ကတော့ Punctuation နဲ့ ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ်စစ်ဆေးမှာ ဖြစ်တယ်။ ဒီမေးခွန်းမှာ ကျောင်းသားကျောင်းသူတွေ လွယ်လွယ်ကူကူဖြေနိုင်ဖို့ ပြဌာန်းစာအုပ်ထဲက စာကြောင်းများကို မေးလေ့ရှိပေမယ့် ပြဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်း မေးနိုင်ပါတယ်။ အဓိကကတော့ punctuation mark တွေဟာ ဘာတွေလဲ၊ ဘယ်လိုနေရာမှာ သုံးရမလဲဆိုတာ သိထားဖို့အရေးကြီးတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် text ထဲကဝါကျတွေကို အလွတ်ကျက်မှတ်ဖို့မလိုပါဘူး။ အလေ့အကျင့်များများလုပ်ပေးဖို့ပဲ လိုပါတယ်။

မေးခွန်းနံပါတ် (၇)မှာအပိုင်း ၂ပိုင်းပါဝင်ပါတယ်။

မေးခွန်းနံပါတ် (၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ ပေးထားတဲ့ စာကြောင်း(၁၀)ခုကို အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးဖို့စပေးထားတဲ့ စကားလုံးတွေနဲ့ different sentence structure သုံးပြီးပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလိုအဓိပ္ပာယ်မပြောင်းပေမယ့် ရေးသားတည်ဆောက်ပုံခြင်းမတူတဲ့ ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းမျိုးတွေ ပြဌာန်းစာအုပ်ထဲမှာ ပါရှိပြီးဖြစ်တဲ့အတွက် အဲဒီ Grammar Exercise တွေကို များများလေ့ကျင့်ထားရင် ဒီအပိုင်းကိုကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။ ဒါ့အပြင် Stylistic Transformaion ကိုပိုင်နိုင်ကျွမ်းကျင်ရင် အခြားသူများရေး သားထားတဲ့ စာစီစာကုံးတွေကိုတောင်မှ မိမိစကား၊ မိမိကိုယ်ပိုင်ရေးသားဟန်နဲ့ ပြန်ရေးနိုင်မှာဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားပြီး၊ ကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးလိုက်ကြတာမျိုး မလုပ်ပါနဲ့။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❃

❊ **စာမျက်နှာ ၁၅မှ အဆက်**

prompt တွေထဲမှာ မပါတာတွေ၊ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompt တွေအားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ prompt တွေသုံးပြီး ကိုယ်ပိုင် ဝါကျတွေ တည်ဆောက်တတ်အောင်လေ့ကျင့်ထားကြပါ။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ choice (၃)ခုပေးထားပါတယ်။ ကြိုက်နှစ်သက်ရာတစ်ခုကိုရွေးချယ်ပြီး ဖြေဆိုရမှာဖြစ်တယ်။ ဒီမေးခွန်းကိုဖြေဆိုရာမှာ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲဖြစ်တယ်။ ဒီနေရာမှာ–

(၁) စာရေးမယ့်သူကဘယ်သူလဲဆိုတာရှာပါ။

(၂) ဘယ်သူ့ဆီကိုရေးရမလဲဆိုတာကြည့်ပါ။

(၃) ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။

ဒီလိုအချက်အလက်တွေကို သေသေချာချာလေ့လာပြီးမှစာကိုစရေးပါ။ အလွတ်ကျက်ထားတဲ့ စာတွေကို ချရေးပေးလိုက်တာမျိုးမလုပ်ပါနဲ့။ အလွတ်ကျက်ထားတဲ့စာတွေထဲမှာ စာမေးပွဲမှာရေးခိုင်းတဲ့စာနဲ့ တူတဲ့ အကြောင်းအရာပါရင်တောင် တစ်ကြောင်း၊ နှစ်ကြောင်းလောက်ပဲ သက်ဆိုင်တာပါမယ်။ ရေးရမည့်အကြောင်းရင်းကိုမသိပဲ အလွတ်ကျက်ထားတာတွေ အားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။ Letter writing ရေးသားရာမှာ ရေးခိုင်းတဲ့အကြောင်းအရာကအဓိကဖြစ်ပါတယ်။ ရေးခိုင်းတဲ့အကြောင်းအရာ message မပါပဲ letter ရဲ့ format ကို ချရေးရုံနဲ့ အမှတ်မရနိုင်ပါဘူး။ ဒါ့အပြင် letter ကို ပြီးဆုံးအောင်မရေးခဲ့ရင်လည်း မပြီးပြည့်စုံတဲ့ incomplete letter ဖြစ်လို့ အမှတ်မရနိုင်ပါဘူး။ ဒီမေးခွန်းမှာ choice (၃) ခု ပေးထားတာကြောင့် ကိုယ်အပိုင်နိုင်ဆုံး၊ အရေးနိုင်ဆုံး မေးခွန်းတစ်ခုကိုသာရွေးချယ်ပြီး ပေးစာရေးရမှာဖြစ်တယ်။ ကိုယ်ရွေးလိုက်တဲ့မေးခွန်းကို သေသေချာချာဖတ်ပြီးမှ စာရေးမယ့်သူက ဘယ်သူလဲ၊ ဘယ်သူ့ကို ဘာအကြောင်းအရာ ရေးရမှာလဲဆိုတာတွေကို မမှားမယွင်းရလေအောင် စစ်ဆေးထည့်သွင်းရေးသားကြရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၉)ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ် (၃) ခုထဲက မိမိအပိုင်နိုင်ဆုံးနဲ့ အရေးနိုင်ဆုံးတစ်ခုကို ရွေးချယ်ရေးသားစီကုံးကြရမှာဖြစ်တယ်။ ရွေးချယ်တဲ့ခေါင်းစဉ်နဲ့ ဆီလျော်တဲ့အကြောင်းအရာကို ရေးသားဖို့လည်းလိုပါတယ်။ ခေါင်းစဉ်နဲ့ရေးသားတဲ့ အကြောင်းအရာ ကိုက်ညီမှုမရှိရင် irrelevant essay ဖြစ်တဲ့အတွက်ကြောင့် အမှတ်မရနိုင်ပါဘူး။ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဝါကျများကို အင်္ဂလိပ်လို မှန်မှန်ကန်ကန် ရေးနိုင်၊ ဖွဲ့စည်းနိုင်ပြီလို့ ယူဆပါတယ်။ အကြောင်းအရာ အချက်အလက်တစ်ခုကို အဓိပ္ပာယ်တူ ဝါကျအမျိုးမျိုးနဲ့ လှည့်ပတ်ရေးနိုင်ကြပြီလို့လဲ ယူဆပါတယ်။ ဒီလိုရေးတတ်ရင် စာစီစာကုံးရေးရာမှာ အများကြီး အထောက်အကူပြုပါတယ်။ သဒ္ဒါကိုလည်းမနိုင်၊ ဝါကျကိုလည်း မှန်မှန်ကန်ကန် မရေးနိုင်ကြတဲ့ ကျောင်းသား၊ ကျောင်းသူများဟာ စာစီစာကုံးနဲ့ပေးစာတွေကို အလွတ်ကျက်ပြီး ဖြေဆိုကြတာတွေ့ရတယ်။ တကယ်တော့ အလွတ်ကျက်မှတ်လို့ကုန်တဲ့အချိန်နဲ့ မိမိဘာသာရေးလို့ ကုန်မယ့်အချိန်ဟာ အတူတူလောက်ပဲဖြစ်ပါတယ်။ မိမိကိုယ်ပိုင်ရေးတဲ့ လေ့ကျင့်မှုရဲ့ အားသာချက်ကတော့ ရေးရင်းရေးရင်းနဲ့ အမှားကို သိလာတယ်။ ပြင်တတ်လာတယ်။ ပြီးတော့ ရေးရင်းရေးရင်းနဲ့ မိမိရေးဟန်ကို ပြင်တတ်လာမှာဖြစ်တယ်။ အဓိကတော့ လေ့ကျင့်မှုတွေ အများကြီးလုပ်ကြဖို့ပဲ ဖြစ်တယ်။

တက္ကသိုလ်ဝင် စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းကောင်းရေးနိုင်ဖို့ သိရှိထားသင့်တဲ့ အချက်အလက်တွေကတော့–

(၁) **အချက်အလက်မှန်ကန်ပြည့်စုံခြင်း**။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ခြင်းပဲဖြစ်တယ်။

(၂) **သက်ဆိုင်မှုရှိခြင်း**။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင်သက်ဆိုင်မှု မရှိဘူးလို့ သတ်မှတ်လို့ အမှတ်မရနိုင်ဘူး။ ဒါကြောင့် မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။

(၃) **ဖွဲ့စည်းပုံကောင်းခြင်း**။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၄) **တင်ပြပုံကောင်းခြင်း**။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဘဝင်ကျအောင် ဖွဲ့နွဲ့တင်ပြနိုင်ခြင်း ဖြစ်တယ်။

(၅) **ဘာသာစကားကောင်းခြင်းဖြစ်တယ်**။ သုံးနှုန်းတဲ့စကားလုံးဝေါဟာရ ကောင်းမွန်မှန်ကန်ခြင်း၊ အသုံးအနှုန်းကြွယ်ဝလှပခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးရေးတတ်ခြင်းတို့ ဖြစ်တယ်။

ဒါကြောင့် စာစီစာကုံးနဲ့ ပေးစာတွေရေးရာမှာ အဆင့်ဆင့်ဆောင်ရွက်သင့်တာတွေကတော့–

(၁) ရေးရမယ့် အကြောင်းအရာ၊ ခေါင်းစဉ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အရင်ဦးဆုံး စဉ်းစားရမယ်။

(၂) စာစီစာကုံးနဲ့ပေးစာရေးရာမှာ အသုံးပြုနိုင်တဲ့ စကားလုံးပုံစံ၊ ကြိယာပုံစံ၊ အသုံးအနှုန်းဝေါဟာရနဲ့ ဝါကျဖွဲ့စည်းတည်ဆောက်ပုံတွေကို စဉ်းစားထားရမယ်။ ပေးထားတဲ့ခေါင်းစဉ်နဲ့ကိုက်ညီတဲ့ tense ကာလကိုလဲ ရွေးချယ်ရမယ်။

(၃) ရရှိထားတဲ့ အချက်အလက်များကို နိဒါန်း၊ စာကိုယ်၊ နိဂုံး (၃)ပိုင်းမှာဘယ်လို အစီအစဉ်တကျ ရေးရမယ်ဆိုတာကို မှန်မှန်ကန်ကန် ရွေးချယ်ရပါမယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျောင်းသား၊ ကျောင်းသူများဟာ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၅) ခုစလုံးကို တစ်ခုမကျန်သေသေချာချာ ဖတ်ရှုမှတ်သားပြီး ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို အလေ့အကျင့် များများပြုလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ဖြေဆို အောင်မြင်နိုင်မှာဖြစ်တယ်။ အပတ်တကုတ်ကြိုးစား၊ လေ့လာ၊ ကျက်မှတ်၊ လေ့ကျင့်ခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေ အားလုံးအောင်ပန်းဆွတ်ခူးနိုင်ကြပါစေ။ ။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လယ်ကိုင်း–ကျောင်းတော်ရာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ပုတောမြို့ အနော်ရထာလမ်းကတ္တရာခင်း ကျပ် ၃၆၂သိန်းကျော်ဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ပုတော ဖေဖော်ဝါရီ ၁၅

ပုတောမြို့ အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြ ဦးသူရလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

လုပ်ငန်းများဆောင်ရွက်

ပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းတံတားအတွက် ခွင့်ပြုငွေကျပ် ၂၀၈၅၄၀၀၀၊ မြို့ပြရေပေးရေးအတွက် ခွင့်ပြုငွေကျပ် ၁၃၀၀၀၀၀၊ ကျေးလက်လမ်းတံတားအတွက် ခွင့်ပြုငွေကျပ် ၈၈၅၀၀၀၀၊ ကျေးလက်ရေပေးရေးအတွက် ခွင့်ပြုငွေကျပ် ၁၇၅၀၀၀၀၊ မြို့သာယာလှပရေးအတွက် ခွင့်ပြုငွေကျပ် ၃၅၂၅၀၀၀ စုစုပေါင်း ငွေကျပ် ၃၆၂၇၉၀၀၀ဖြင့် အကုန်အကျခံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

နမ့်စန်မြို့ တပင်ရွှေထီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

နမ့်စန် ဇန်နဝါရီ ၂၀

နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော နမ့်စန်မြို့ အမှတ်(၁)ရပ်ကွက် တပင်ရွှေထီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉နာရီက အဆိုပါကတ္တရာလမ်းသစ်ထိပ်မှခ်ဦး၍ကျင်းပရာနယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့်တပ်မတော်အရာရှိများတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် လမ်းဖွင့်ပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဂုဏ်ပြုလွှာပေးအပ်

တွံတေးမြို့ ရွှေဆံတော်(၃) လမ်းနေ ဦးကျော်မြိုင်–ဒေါ်ခင်သန်းမိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာအဘိုးအဘွားများ အာဟာရနှင့် ဆေးပဒေသာပင်အတွက် ကျပ်ငွေ တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ အဖွဲ့ဝင်များက လက်ခံယူ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(၃၈၀)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။

(က–ပ)

ရန်ကုန်မြို့ အမှတ် (၅၁) မောင်ခိုင်လမ်းနေ ဦးစိုးသန်းရှိန် – ဒေါ်ဝင်းဝင်းခိုင် မိသားစုက ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိစာသင်တိုက်ဝင်း အတွင်းရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး ဦးတင်အုန်းက လက်ခံယူစဉ်။

(က–ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နိဗ္ဗာန်လမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိဗ္ဗာန်လမ်းကို ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

သံတွဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ကာယဗလမောင်နှင့် အလှမယ်ပြိုင်ပွဲဆုချီးမြှင့်

သံတွဲ ဖေဖော်ဝါရီ ၁၇

သံတွဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညစနာရီက သံတွဲမြို့မ အားကစားကွင်းဟောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်မြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အားကစားဝါသနာရှင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကာယအလှမောင်နှင့်ကာယအလှမယ်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ကာယအလှမောင် ရှစ်ဦးနှင့် ကာယအလှမယ် ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ**(အောက်ပုံ)** ကာယအလှမောင်ပထမ မောင်ထွန်းထွန်းသန်း၊ ဒုတိယ မောင်ထွန်းနိုင်၊တတိယ မောင်လှမြင့်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ မယဉ် ယဉ်ထွေး၊ ဒုတိယ မတင်မိုးဝင်းနှင့် တတိယမဖြူဖြူခိုင်တို့အား တာဝန်ရှိသူ များက ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မင်းတပ်မြို့ မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မင်းတပ် ဖေဖော်ဝါရီ ၅

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါဈေး၌ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စံပြအရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်ဆွေကြီးကြပ်ပေးသည်။

ထို့နောက် ဈေးရုံများအတွင်း လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေး၊ လုံခြုံရေးမီးနှင့် အများသုံးမီးများ တပ်ဆင်မှုများကို မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပန်းစိုက်ခုံများဆေးသုတ်

မြဝတီမြို့ဝင်လမ်းတစ်လျှောက်ပန်းစိုက်ခုံများ ဆေးသုတ်နေမှုကို ဇန်နဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဖရဲကာမာဖရုံကျေးလက်ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကြည်ထွန်းနှင့် သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(၃၄၇)

မိတ္ထီလာ၌ ကြက်ဆူပင်စိုက်ပျိုးရေး ပျိုးပင်များပျိုးထောင်

မိတ္ထီလာ ဖေဖော်ဝါရီ ၉

မိတ္ထီလာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့သည် ခြံစည်းရိုး ကြက်ဆူပင်များကို စည်ပင်သာယာရေးအဖွဲ့ပိုင် မြေလွတ်မြေလပ်များတွင်လည်းကောင်း၊ ကျေးလက် လမ်းဘေးဝဲယာများတွင်လည်းကောင်း အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် ဇန်နဝါရီ ၂၇ ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်များတွင် ပျိုးပင် ၅၀၀၀၀ နှင့် မိတ္ထီလာမြို့နယ် ဂဠုန်ကျေးရွာတွင် ပျိုးပင် ၂၀၀၀၀၊ ရှမ္မငယ်ကျေးရွာတွင် ပျိုးပင် ၂၀၀၀၀၊ သီးပင်ကုန်းကျေးရွာတွင် ပျိုးပင် ၂၀၀၀၀ တို့ကို အစေ့ပျိုးခြင်း၊ ကိုင်းချိုးပျိုးထောင်ခြင်းစနစ်ဖြင့် ဆောင်ရွက်ကြသည်။

ဆက်လက်၍ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်း ၁၆ လမ်း၌ စိုက်ပျိုးရေးအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းစိုက်ပျိုးမည်ဖြစ်ရာ ပျိုးပင်ပျိုးထောင် ရေးကော်မတီနှင့် စိုက်ပျိုးရေးကော်မတီတို့ဖွဲ့စည်းပြီး အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ ကြီးကြပ် ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်သို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင် ကွင်းဆင်းကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၂၃-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား ကျင်းတုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ဖခင် နို့တိုက်ခဲ့သည့် ကျွန်တော့်အဖေနှင့် ငယ်စဉ်ကာလ ဘဝဖြစ်ရပ်များ (ကေသီပန်-ဦးလှမြင့်)
(၂)စီအိုင်အေ၏ အကြီးကျယ်ဆုံး ထိုးနှက်ချက်များ (သောင်းထိုက်-မြန်မာပြန်သည်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နှလုံးနှင့် သွေးကြောစောင့်ရှောက်ရေး-တတိယပိုင်း-မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ရုံးပတီသီးနှင့် ပုစွန်ဟင်း၊ ပုန်းရည်ကြီးသုပ်)

ညပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ်(ပထဝီဝင်)

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၆း၄၀ ဆွေးနွေးခန်း (တာချီလိတ်ခရိုင်အတွင်း ကျေးရွာများမှ ပညာအလင်းရောင်များ)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာ

၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (တိမ်စင်သည့်လ)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ညောင်ဦးမြို့ ရွှေလှိုင်းကျေးရွာ၌ စက်ရေတွင်းဖွင့်လှစ်

ညောင်ဦး ဖေဖော်ဝါရီ ၁၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် eMBA သင်တန်းသား၊ ကျောင်းသူများ၏ လှူဒါန်းငွေဖြင့် ညောင်ဦးမြို့နယ်စည်ပင် သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်သော ပြွန်ကျေးရွာအုပ်စု ရွှေလှိုင်းကျေးရွာစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက ရွှေလှိုင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲမှခ်ဦးကို ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း၊ စက်ရေတွင်းအလှူရှင်များကိုယ်စား ဗိုလ်မှူးမြင့်မောင်ထွန်း၊ Kol Global Co.,Ltd.မှ ဦးတင်မောင်နိုင်နှင့်အုတ်ရေကန်အလှူရှင် ညောင်ဦးမြို့ တော်ဝင်ဘော်ဒါ ဦးတင်မောင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွှေလှိုင်းကျေးရွာစက်ရေတွင်းကို eMBA သင်တန်းသား၊ သင်တန်းသူများက လှူဒါန်းငွေကျပ် ၁၀၅၀၄၈၅၀နှင့် ညောင်ဦးမြို့ တော်ဝင်ဘော်ဒါ ဦးတင်မောင်လင်းမိသားစု၏ လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ တို့ဖြင့် တူးဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ မကွေးမြို့၌ကျင်းပ

မကွေး ဖေဖော်ဝါရီ ၁၀

ပူးပြင်းခြောက်သွေ့သော နွေရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ရက်က မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဦးစီးအရာရှိဦးဝေလင်းနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူးဦးစိုးညွှန့်နှင့် ခရိုင်ရုံးရှိဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးဝေလင်းက မီးဘေးကြိုတင်ကာကွယ်ရေးထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်စခန်းမှူးဦးစိုးညွှန့်က မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပညာပေးဟောပြောကာ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သုတေသနတင်ပြချက်အသွင် အမျိုးမျိုးမှပေါ်ထွက်လာသော အချက်အလက်များ ကုသရေးနယ်ပယ်နှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အချိတ်အဆက်မိမိ အသုံးပြု ဆေးဝန်ထမ်းတပ်ဖွဲ့ကို နိုင်ငံတော်ကအားထားရသည့် အဖွဲ့အစည်းဖြစ်အောင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ အမှာစကား ပြောကြားပြီး (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော် အရာရှိကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆေးရုံ၊ ဆေးတပ်ရင်းများမှ တပ်မှူးများ၊ ပါရဂူများ၊ သူနာပြုအရာရှိများ၊ အုပ်ချုပ်မှုအရာရှိများ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါရဂူများ၊ ဘွဲ့လွန်သင်တန်းသားအရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များ၊ သုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်မြောက်ပိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက် တိုင်း စစ် ဌာ န ချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်၊ ပြန် ကြား ရေး ဝန် ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး ပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဒေသဝမ်းစာဖူလုံရေး မိုးစပါး၊ နွေစပါး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးဆောင်ရွက် တစ်ဧကတင်း ၂၀၀ အထက်ထွက်သော ဆင်းရွှေလီ စပ်မျိုးစပါး ပြောင်းလဲအသုံးပြု ကျေးလက်ဖွံ့ဖြိုးရေး ဒြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့ ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးစံပြ ၈၂ ဧက စိုက်ခင်းအနီးရှိ ဆင်းရွှေလီ တောင်သူလယ်သမားခန်းမ၌ကျင်းပသော ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး ၇၀၅ ဧက ထွန်းတုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

22-2 (20).p65 1 3/24/1905, 1:11 AM